ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်၊ ဗုဒ္ဓဟူးနေ့ (21-8-2013) (၇၅၇၉)

ဘားအံနှင့် ငါးသိုင်းချောင်းမြို့များ စိုးရိမ်ရေမှတ်ကျော်လွန်

နေပြည်တော် ဩဂုတ် ၂၀

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ စင်တီမီတာ ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ(တစ်ပေခန့်)ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

အလားတူ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ (သုည ဒသမ ၃ ပေခန့်) ကျော်လွန်နေကာ ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၂၀ စင်တီမီတာ (သုည ဒသမ ၇ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မျက်စိလျှုဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေတွင်-

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "မျက်စိဆေးရုံ"ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ) တွင်ပါရှိသော "မျက်စိထုတ်ယူရေးဆိုင်ရာသင်တန်း" ဆိုသည့် စကားရပ်ကို "မျက်စိဘဏ်ကျွမ်းကျင်သူသင်တန်း" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (င) တွင်ပါရှိသော "မျက်ကြည်လွှာ" ဆိုသည့် စကားရပ်ကို "မျက်စိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရေကြောင်းအတားအဆီးများအက်ဥပဒေ ပုဒ်မ ၈ တွင်ပါရှိသော "The President of the Union may" ဆိုသည့် စကားရပ်ကို "The Ministry of Transport may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေကြောင်းအတားအဆီးများ အက်ဥပဒေပုဒ်မ ၉ တွင်ပါရှိသော "for a term which may extend to six months, or with fine which may extend to five hundred kyats, or with both" ဆိုသည့် စကားရပ်ကို "for a term not exceeding two years, or with fine not exceeding two hundred thousand kyats, or with both" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပုဒ်မ ၁၂ တွင်ပါရှိသော "The President of the Union" ဆိုသည့် စကားရပ်ကို "The Ministry of Transport with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရေကြောင်းအတားအဆီးများအက်ဥပဒေ ပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"1. This Act shall be called the Defile Traffic Act."

၃။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (၁)၌ ပါရှိသော "in the Bhamo District;"ဆိုသည့် စကားရပ်ကို "in the Bhamo District. This expression also include the defile prescribed by the Ministry of Transport with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂)ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (၃)ကို ပုဒ်မခွဲ (၂)အဖြစ် ပြောင်းလဲသတ်မှတ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

"(2) "vessel" means the powered vessel, non-powered vessel and any other kind of vessel that can navigate from one place to another with passengers and cargoes. This expression also includes timber and bamboo rafts."

၄။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (၁)၌ပါရှိသော "The President of the Union may" ဆိုသည့် စကားရပ်ကို "The Ministry of Transport may, with approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

နတ်မဟုတ်ကြီးချောင်းနှင့် ခွန်နန်းချောင်းတံတားများတည်ဆောက်ပြီးစီး ဒေသခံများနှင့် ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေလျက်ရှိ

အင်းတော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့အနောက်တောင်ဘက် သုံးမိုင်ခန့်ရှိ ရွှေဘို-မြစ်ကြီးနား လမ်းမကြီးပေါ်တွင် အထူးစီမံကိန်းအဖွဲ့(၂) အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်း ဦးဆောင်သောအဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသော နတ်မဟုတ်ကြီးချောင်းတံတားနှင့် ခွန်နန်းချောင်းတံတားတို့မှာ တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် ဒေသခံများနှင့် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

နတ်မဟုတ်ကြီးချောင်းတံတားမှာ အင်းတော်မြို့နှင့် သုံးမိုင်ခန့်ကွာဝေးပြီး ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၃၆/၄) တွင်တည်ရှိပြီး တံတားတည်ဆောက်ရန် မြေစမ်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်တွင် စတင်ခဲ့ပြီး တံတားအမျိုးအစားမှာ RC ကွန်ကရစ်ရက်မတံတားဖြစ်ပြီး ယာဉ်သွားလမ်း ၂၄ ပေနှင့် လူသွားလမ်းဝဲ၊ ယာနှစ်ပေခွဲစီရှိကာ စုစုပေါင်း ၂၉ ပေကျယ်ဝန်းသည်။ တံတားအခန်း (ပေ ၆၀) ခုနစ်ခန်းနှင့် တံတားအရှည်ပေ ၄၂၀ ရှည်လျားပြီး မြေပြင်မှတံတားအမြင့် ပျမ်းမျှ ၁၀ ပေရှိကာ တံတားတည်ဆောက်ခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လကုန်ပိုင်းမှ စတင်ကာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

သတင်းနှင့် ဓာတ်ပုံ - မောင်ချစ်လင်း

ကြေးမုံစာတည်းရှုထောင့် ၂၁-၈-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

အလကားရတာ ယူတတ်ပါ

လောကတွင် ငွေကြေးတစ်ပြားတစ်ချပ်မှမကုန်ဘဲ အလကားနီးပါး ရရှိနိုင်သည့် အရာသုံးမျိုးမှာ ပတ်ဝန်းကျင်မှ သန့်ရှင်းသောလေ၊ သန့်ရှင်းသောသောက်သုံးရေနှင့် အန္တရာယ်ကင်းသောလမ်းတို့ ဖြစ်ပါသည်။

ထိုအရာသုံးမျိုးကို လူတို့ ထိထိရောက်ရောက်အသုံးမပြုနိုင်သဖြင့် ရသင့်ရထိုက်သည့် အကျိုးကျေးဇူးများ မရလိုက်ဘဲ ဖြစ်နေတတ်ပါသည်။

ယနေ့ လူတို့ခန္ဓာကိုယ်တွင်ဖြစ်ပေါ် ခံစားနေကြရသော ရောဂါဝေဒနာများအနက် နှလုံး၊ သွေးတိုး၊ ဆီးချို သွေးချို၊ အဆုတ်၊ ကျောက်ကပ်ရောဂါတို့ အဖြစ်များနေပါသည်။ ထိုရောဂါများ ဖြစ်ပွားကြရာတွင် ပတ်ဝန်းကျင်မှ ဘေးထွက်ဆိုးကျိုးများကြောင့် ဖြစ်ပွားရသည်ရှိသကဲ့သို့ ပတ်ဝန်းကျင်မှ မဟုတ်ဘဲ မိမိတို့ သတိမမူမိသော အချက်များကြောင့် ဖြစ်ပွားတတ်သည်လည်း ရှိပါသည်။

လူ၏ခန္ဓာကိုယ်တွင် အရေးကြီးသော အင်္ဂါအစိတ်အပိုင်းများတွင် အဆုတ်၊ နှလုံး၊ အသဲ၊ သွေးကြောနှင့်ကျောက်ကပ်တို့ ကြံ့ခိုင်သန်စွမ်းနေစေရန်နှင့် သွေးလည်ပတ်မှုမှန်ကန်စေရန် အထူးလိုအပ်ပါသည်။ အဆုတ်သည် သွေးထဲသို့ ဝင်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရှူသွင်းလိုက်သည့်လေထဲမှ အောက်ဆီဂျင်ဓာတ်တို့ကို လဲလှယ်ပါသည်။ အဆုတ်ထဲတွင် ထိုသို့ အလှည့်အပြောင်းမလုပ်နိုင်သောအခါ အသက်ရှူမဝဖြစ်တတ်ပါသည်။

အဆုတ်တွင် သွေးများ ပုံမှန်လည်ပတ်စီးဆင်းပြီး မိမိတို့အဆုတ်ကြံ့ခိုင်နေစေရန်အတွက် သန့်ရှင်းသောလေတို့ကို ရှူသွင်းရှူထုတ် ပုံမှန်အလုပ်လုပ်ကြရပါသည်။ မိမိကိုယ်မိမိ သေချာဆန်းစစ်ကြည့်ပါက နံနက်ခင်းကျန်းမာရေးလေ့ကျင့်ခန်းဆင်းသူတို့မှအပ ကျန်လူများအဖို့ သန့်ရှင်းသောလေကို ဝဝလင်လင် ရှူသွင်းရှူထုတ်ပြုလုပ်ကြသူ နည်းကြမည်ဖြစ်သည်။

မိမိ၏ပတ်ဝန်းကျင်အခြေအနေကြောင့်လည်းကောင်း၊ မအားမလပ်သတိမမူဖြစ်မိ၍လည်းကောင်း သန့်ရှင်းသော ပတ်ဝန်းကျင်နေရာမှ အလကားရသော လေကောင်းလေသန့်တို့ကို အားပါးတရ ရှူရှိုက်နိုင်ရန် မလုပ်ဖြစ်ကြသူများပေလိမ့်မည်။

ထိုအခါ အဆုတ်တွင် သန့်ရှင်းသော လေကောင်းလေသန့်ရရှိမှုနည်းပါး၍ အဆုတ်အင်အား လျော့နည်းလာပြီး သွေးလည်ပတ်မှု လျော့ကျလာကာ ခန္ဓာကိုယ်တွင် သွေးကြောပိတ်ခြင်း၊ အဆီဖုံးခြင်း၊ နှလုံးအားနည်းခြင်းစသည်တို့ဖြစ်ပေါ်လာပြီးနောက် သွေးတိုး၊ နှလုံးမှအစပြု၍ နောက်ဆက်တွဲရောဂါများ တစ်စတစ်စ ဖြစ်ပွားလာတတ်ပါသည်။

တစ်ဖန် အလကားနီးပါးရသော ရေကောင်းရေသန့်ကို ဝဝလင်လင် သောက်သုံးခြင်းမရှိဘဲ ရေဆာမှ ရေငတ်ပြေသောက်ခြင်းဖြင့် လူတစ်ကိုယ်အတွက် လုံလောက်သော ရေဓာတ်မရရှိသဖြင့် ဆီးနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားတတ်ပါသည်။

နောက်တစ်မျိုးဖြစ်သည့် အန္တရာယ်ကင်းသောလမ်းပေါ်တွင် နေ့စဉ်နံနက်၊ ညနေပုံမှန်လမ်းလျှောက်ပေးခြင်းအလုပ်ကို လုပ်ရကောင်းမှန်းမသိခြင်း၊ အခြေအနေအရ မလုပ်ဖြစ်ခြင်းတို့ကြောင့် ကျန်းမာကြံ့ခိုင်ခြင်းနှင့် ကင်းဝေးကာ ရောဂါဖြစ်ပွားမှုများ နီးစပ်လာမည်ဖြစ်သည်။

ပုံမှန်လမ်းလျှောက်ခြင်းသည် ရေသောက်ခြင်းနှင့် အသက်ရှူခြင်းကို တပေါင်းတည်းရရှိစေသဖြင့် ရေမသောက်၊ လေဝဝမရှူဖြစ်လျှင် လမ်းမှန်မှန်လျှောက်ခြင်းဖြင့် အရာသုံးမျိုးကို တပေါင်းတည်းရရှိနိုင်အောင် ကြိုးပမ်းအားထုတ်သင့်သည်။

ယခုအခါ လူတို့သည် အလုပ်များ၍ မအားလပ်ခြင်း၊ ကောင်းမွန်သောပတ်ဝန်းကျင်ကောင်း မရှိခြင်းနှင့် ပျင်းရိခြင်းတို့ကြောင့် လမ်းလျှောက်ခြင်းအလုပ်ကို ပုံမှန်မလုပ်ဖြစ်သဖြင့် သန့်ရှင်းသော ရေလည်းမရ၊ လေလည်း မရဖြစ်ကာ မျက်မှောက်ကာလ ကြုံတွေ့နေရသော ရောဂါဘယများ ပိုမိုထူပြောလာသည်ဟု ထင်မြင်ယူဆမိပါသည်။

ထို့ကြောင့် အလကားရသော ရေ၊ လေ၊ လမ်းတို့ကို ထိရောက်စွာ အသုံးချခြင်းဖြင့် သင့်ကျန်းမာရေးတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပွဲ ကျင်းပမည်

မန္တလေး ဩဂုတ် ၂၀

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပန်းရာဇဝင်ကုမ္ပဏီမှ ဦးဆောင်ကျင်းပသော မန္တလေးမြို့၏ ၂၀၁၃ ခုနှစ် အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပွဲ (2013 Mandalay Job Fair) ကိုမြို့တော်ခန်းမ၌ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပန်းရာဇဝင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးမောင်က ပြောသည်။ အဆိုပါ အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေပွဲတွင် အလုပ်အကိုင်ရှာဖွေလိုသော လူငယ်များနှင့် အရည်အချင်းပြည့်မီသော ဝန်ထမ်းကောင်းများ ရှာဖွေလိုသည့် လုပ်ငန်းရှင်များအား တွေ့ဆုံပေးမည်ဖြစ်သည်။

"ဒီပွဲမှာ အလုပ်ရှင်တွေက ဝန်ထမ်းကောင်းတွေရှာဖွေနိုင်မယ်၊ အလုပ်ရှာနေတဲ့ လူငယ်လူရွယ်တွေကလည်း တစ်ခါတည်းအလုပ်လျှောက်နိုင်မယ်၊ အလုပ်လျှောက်ဖို့အတွက် လိုအပ်တဲ့ စာရွက်စာတမ်းမိတ္တူကူးဖို့နဲ့ ပတ်စ်ပို့ဓာတ်ပုံတွေရိုက်ကူးနိုင်အောင်လည်း ဒီပွဲမှာစီစဉ်ပေးထားပါတယ်။ အလုပ်သမားရုံးက အလုပ်သမားမှတ်ပုံတင်ပေးမယ့် ကိစ္စတွေကိုလည်း တစ်ထိုင်တည်း ဝန်ဆောင်မှုပေးသွားမှာဖြစ်တယ်"ဟု ဦးပြည့်ဖြိုးမောင်က ရှင်းလင်းပြောကြားသည်။

အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်မည့် ကုမ္ပဏီ ၄၀ ကျော်က အလုပ်အကိုင်ရှာဖွေနေသူများအား တွေ့ဆုံအင်တာဗျူးပြီး ချက်ချင်းအလုပ်ခန့်ထားနိုင်ရန် စီစဉ်ထားသည်။ ပွဲအဝင်ဝတွင် ကုမ္ပဏီများမှ အလုပ်ခေါ်စာများကို ကပ်ထားပေးမည်ဖြစ်သောကြောင့် အလုပ်အကိုင်ရှာဖွေသူများက မိမိအရည်အချင်းနှင့် ကိုက်ညီသော အလုပ်ကို ရွေးချယ်ကာ ကုမ္ပဏီရှိရာသို့ တိုက်ရိုက်သွားကာ အလွယ်တကူ လျှောက်ထားနိုင်ရန် စီစဉ်ထားရှိပေးမည်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်သော ဟောပြောပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ရာ ဆရာ ဦးအေးကြူ၊ ဆရာဦးစိုးမြင့်သန်း၊ ဆရာမဒေါ်မြကေသွယ်မောင်၊ ဆရာဦးရဲမြတ်သူ၊ ဆရာဦးဇာနည်နှင့် ဆရာဦးအောင်ကျော်စိုးတို့က အလုပ်ရှင် အလုပ်သမားတို့နှင့် ပတ်သက်သည့် ပြဿနာများ၊ ဥပဒေဆိုင်ရာများ၊ ကျင့်ဝတ်ဆိုင်ရာများ၊ မျှော်လင့်ချက်များကို ဟောပြောမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းခွင်တွင် အလုပ်သမားမမြဲခြင်း၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်ကို အပြည့်အဝ အသုံးချမှုမရှိခြင်းနှင့် အလုပ်သမားများ၏ကိုယ်ရည်ကိုယ်သွေး၊ လုပ်ငန်းခွင် စိတ်နေစိတ်ထားများကို အကောင်းဆုံး ပြုပြင်ပြောင်းလဲပေးရန်အတွက် ဆွေးနွေးဟောပြောပေးကြမည်ဖြစ်ကြောင်း သိရသည်။

ဘဦး(မန်း)



ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်	ရွှေဈေး	၇၀၄၀၀၀	-	၇၀၅၀၀၀
မန္တလေး	ရွှေဈေး	၇၀၃၇၀၀	-	၇၀၄၇၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၉၇. ၈
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၁
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၉၃၃
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၅. ၄၈
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၄၁၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၉၆. ၅၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၆. ၈၆၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၇. ၂၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၁. ၅၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

လှိုင်သာယာဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ် ဒေါ်ခင်ရူပါစိုးထံ ရန်ကုန်မြို့ရွှေဘုံသာလမ်း ရွှေယမုံမင်းရွှေဆိုင်မိသားစုနှင့် (ကိုမိုးနှင်း)-မခင်မာဝင်း ရွှေဆိုင်မိသားစု (ပိတောက်မြိုင်) ဈေးတို့က ဩဂုတ် ၁၆ ရက်တွင် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား အာဟာရသုံးစွဲနိုင်ရေးအတွက် စုစုပေါင်း ငွေကျပ် ၁၅ သိန်းကျော်ဖိုးခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။ **မင်းထက်ပိုင် (လှိုင်သာယာ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

✻ ရှေ့ဖုံးမှ

(ခ) ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ဂ)နှင့် (ဃ)တို့၌ ပါရှိသော "steam--vessels" ဆိုသည့် စကားရပ်ကို "vessels" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(i) requiring the persons in charge of rafts to report the arrival of the rafts at specified places to officers authorised by the Directorate of Water Resources and Improvement of River Systems, and to produce such passes (if any) for inspection and signature, and to deliver up the passes on arrival at any specified station of the said Directorate;"

၅။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၄ တွင်ပါရှိသော "be punished with fine which may extend to one thousand kyats" ဆိုသည့် စကားရပ်ကို "be punished with imprisonment for a term not exceeding two years or with fine not exceeding two hundred thousand kyats or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ နတ်မဟုတ်ကြီးချောင်းမှ

ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များအား ဖြတ်သန်းခွင့်ပြုထားပြီး ချောင်းရေကြီးပါက ယာဉ်ကြီးများကိုပါ ဖြတ်သန်းစေပြီဖြစ်ကြောင်း၊ ချဉ်းကပ်လမ်းများ ပြုပြင်ရေးနှင့် မြေထိန်းနံရံများပြုပြင်ရန်သာလိုပြီး စက်တင်ဘာလဝက်တွင် တံတားတည်ဆောက်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးမည်ဟု ခန့်မှန်းထားကြောင်းနှင့် တံတားကုန်ကျမှု စုစုပေါင်း ကျပ်သန်းပေါင်း ၁၁၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ (၃) ဦးဇော်ဦးက ပြောကြားသည်။

ခွန်နန်းချောင်းတံတားမှာ ရွှေဘို-မြစ်ကြီးနားကားလမ်းမိုင်တိုင်အမှတ် (၁၃၄/၆)တွင်တည်ရှိပြီး ၂၀၁၂ ခုနှစ် ဇွန်လ ၇ ရက်တွင် စတင်ဆောက်လုပ်ပြီး RC ကွန်ကရစ်ရက်မတံတားအမျိုးအစားဖြစ်ကာ ယာဉ်သွားလမ်း ၂၄ ပေနှင့် လူသွားလမ်းဝဲ၊ ယာနှစ်ပေခွဲစီ ကျယ်ပြီး တံတားအခန်း (ပေ ၆၀) ငါးခန်းနှင့် တံတားအရှည် ပေ ၃၀၀ ရှည်လျားကာ မြေပြင်မှ ပျမ်းမျှအမြင့် ခုနစ်ပေခန့်ရှိပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လကုန်တွင် တည်ဆောက်ခြင်းလုပ်ငန်း ရာခိုင်နှုန်းပြည့် ပြီးစီးသွားပြီဖြစ်ရာ ကုန်ကျမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၈၁၀ ခန့်ကုန်ကျပြီး ဇူလိုင်လကုန်မှ စတင်၍ ယာဉ်ကြီးယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ ဦးဇော်ဦးက ဆက်လက်ရှင်းပြသည်။

အဆိုပါ တံတားကြီးနှစ်စင်းပြီးစီးသွားပြီဖြစ်ရာ အင်းတော်မြို့နယ် အနောက်ခြမ်းရှိ ဒေသခံပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ အလွယ်တကူ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့လာတော့မည်ဖြစ်ရာ မိုးရာသီတွင် ခက်ခဲစွာသွားလာဖြတ်သန်းရသော ချောင်းနှစ်ချောင်းဖြစ်ပြီး ရေကြီးလျှင် ရေလျော့အောင် စောင့်ရသော ဒုက္ခ၊ မစောင့်နိုင်က ဆိုင်ကယ်များ ဆွဲတွန်းသောအဖွဲ့များအား အဆမတန်အခကြေးပေးကာ ဆွဲတွန်းထမ်းခိုင်းကာ ဖြတ်သန်းရသည်မှာ နှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်ကြောင်း အသက်(၅၀)ခန့်ရှိ သံဘိုရွာနေ ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ တံတားနှစ်စင်းတည်ဆောက်သော ချောင်းနှစ်ချောင်းမှာ ရွှေဘို-မြစ်ကြီးနားကားလမ်း အင်းတော်မြို့နယ်အတွင်း အခက်အခဲဆုံးဖြတ်ကျော်ရသော ချောင်းများဖြစ်သည်။ မိုးရာသီရေကြီးရေလျှံချိန်တွင် ရေလျော့အောင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရပြီး မစောင့်ဆိုင်းနိုင်ပါက ဆိုင်ကယ်၊ ကားပစ္စည်းများ သယ်ပိုးသောအဖွဲ့များအား ငွေကြေးများ အဆမတန်ပေးကာ ခိုင်းကြရသော စရိတ်များသက်သာပြီး မန္တလေး-ရွှေဘို-မြစ်ကြီးနားမြို့များသို့ ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာ့သစ်လုပ်ငန်းအား လွတ်လပ်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာ့သစ်လုပ်ငန်းအား လွတ်လပ်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း (Corporatization)နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများအား Corporatization ပြုလုပ်ခြင်းသည် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း(Privatization) လုပ်ငန်းစဉ် ဖော်ဆောင်ရာတွင် မလွဲမသွေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းအမည်၊ အခေါ် အဝေါ် ပြောင်းလဲရုံသာ မဟုတ်ဘဲ ဆက်စပ်ပါဝင်သူ (Stakeholder)များအားလုံး၏ Mind Set ကို ပြောင်းလဲပြီး စီးပွားရေးလုပ်ငန်းအစုအဖွဲ့ဆိုင်ရာ အုပ်ချုပ်စီမံမှု (Corporate Governance)ကို စနစ်တကျ နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူသွားကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေးအဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား လွတ်လပ်သော နိုင်ငံပိုင်ကော်ပိုရေးရှင်းများအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း (Corporatization) နှင့်ပတ်သက်၍ အခြေခံအကြောင်းတရားများ၊ နိုင်ငံတကာ အတွေ့အကြုံနမူနာများ၊ ဆောင်ရန်၊ ရှောင်ရန်များ စနစ်တကျ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရမည့် အဆင့်များကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာ့သစ်လုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ (State Timber Board) အမည်ဖြင့် သစ်ထုတ်လုပ်ခြင်း၊ ခွဲစိတ်ခြင်း၊ ပြည်တွင်း ပြည်ပ ဖြန့်ဖြူးရောင်းချခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် Corporatization ပြုလုပ်ခြင်းကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စစ်တွေမြို့တွင် ဩဂုတ် ၂၀ ရက် နံနက်က မိုးသည်းထန်စွာရွာခြင်း၊ ဒီရေတက်လာခြင်းတို့ကြောင့် မြို့လယ် ရှုပမြောက်ရပ်ကွက် ပန်းခြံလမ်း၌ ရေလွှမ်းနေသည်ကို တွေ့ရစဉ်။

(လှကျော်)

စစ်တွေ-ရန်ကုန် လေယာဉ်နှုန်းထား လျှော့ချ

စစ်တွေ ဩဂုတ် ၂၀

စစ်တွေ-ရန်ကုန်လေယာဉ်ခနှုန်းထားများကို ဩဂုတ် ၁၈ ရက်မှ စတင်၍ ART.72 လေယာဉ်ခရီးစဉ်အတွက် လူကြီး ကျပ် ၅၆၀၀၀၊ ကလေး ကျပ် ၄၂၀၀၀၊ ရင်ခွင်ပိုက် ကျပ် ၅၆၀၀၊ နိုင်ငံခြားသား ၈၅ ဒေါ်လာ၊ EMBRAER. 190 လေယာဉ်ခရီးစဉ်အတွက် လူကြီး ကျပ် ၆၃၀၀၀၊ ကလေး ကျပ် ၄၇၂၅၀၊ ရင်ခွင်ပိုက် ကျပ် ၂၀၀၀၊ နိုင်ငံခြားသား ၉၅ ဒေါ်လာဖြစ်ပြီး စစ်တွေ-အမ်းခရီးစဉ် ART.72 ခရီးစဉ်အတွက် လူကြီး ကျပ် ၂၀၀၀၀၊ ကလေး ကျပ် ၁၅၀၀၀၊ ရင်ခွင်ပိုက် ကျပ် ၂၀၀၀၊ နိုင်ငံခြားသား ၂၅ ဒေါ်လာဖြစ်သည်။ စစ်တွေမှ ရန်ကုန်သို့ ကြာသပတေးနေ့မှလွဲ၍ ပို့ဆောင်ပေးလျက်ရှိပြီး စစ်တွေမှ အမ်းသို့ ဗုဒ္ဓဟူးနေ့၊ စနေနေ့ နှစ်ရက် ပို့ဆောင်ပေးနေကြောင်း သိရသည်။ **(၆၉၈)**

အထူးကျေးဇူးတင်လွှာ

အခရိုမဂလီ (Acromegaly) ရောဂါဝေဒနာခံစားနေရသော အရပ်(၇)ပေ (၁၀)လက်မရှိ ဝင်းဇော်ဦးအား စင်ကာပူနိုင်ငံသို့ သွားရောက်ဆေးကုသနိုင်ရန်အတွက် ဆေးကုစရိတ် မြန်မာငွေ ကျပ်သိန်း(၁၀၀)လှူဒါန်းသော ဧရာဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်အား အထူးကျေးဇူးတင်ရှိပါသည်။

ဥက္ကဋ္ဌ
Save Win Zaw Oo
ဝင်းဇော်ဦး အသက်ကယ်ရန်ပုံငွေရှာဖွေရေးအဖွဲ့
ဖုန်း-၀၉-၈၆၀၁၃၄၅

ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ်အား ဘူတိုလုပ်ကြံခံရမှုနှင့် ဆက်နွယ်၍ စွဲချက်တင်

ဘူတို လုပ်ကြံခံရမှုနှင့် ဆက်နွယ်၍ စွဲချက်တင်ခံရသူ သမ္မတဟောင်း မူရှာရက်ဖ်အား တွေ့ရစဉ်။

ရာဝါပင်ဒီ ဩဂုတ် ၂၀

၂၀၀၇ ခုနှစ်က ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနေဇီယာဘူတိုအား လုပ်ကြံသတ်ဖြတ်မှုနှင့် ဆက်နွယ်နေသော စွဲချက်များဖြင့် သမ္မတဟောင်းနှင့် ကြည်းတပ်အကြီးအကဲဟောင်း ပါဗက်ဇ်မူရှာရက်ဖ်ကို ဩဂုတ် ၂၀ ရက်တွင် စွဲချက်တင်လိုက်သည်။

တစ်ချိန်တစ်ခါက တန်ခိုးအာဏာကြီးထွားခဲ့သော မူရှာရက်ဖ်သည် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ယခုနှစ်အတွင်း ပြည်တော်ပြန်လာခဲ့သူဖြစ်သည်။

မူရှာရက်ဖ်အား လူသတ်မှုနှင့်ဆက်နွယ်နေသော စွဲချက်များဖြင့် ရာဝါပင်ဒီမြို့ရှိ တရားရုံးတစ်ရုံးက စွဲချက်တင်လိုက်ပြီဖြစ်သည်။

မူရှာရက်ဖ်သည် ၁၉၉၉ ခုနှစ်က စစ်အာဏာသိမ်းမှုဖြင့် အာဏာရရှိလာခဲ့ပြီး နောက်ဆယ်စုနှစ်တစ်စုခန့်အကြာတွင် ရာထူးမှဆင်းပေးခဲ့သည်။

လူသတ်မှု၊ လူသတ်ရန်ကြံစည်မှု၊ လူသတ်မှုတွင်ပါဝင်ကူညီမှု စွဲချက်များဖြင့် မူရှာရက်ဖ်ကို ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း အစိုးရရှေ့နေ ချောင်ဒရီမိုဟာမက်အဇာက ပြောကြားသည်။

ဘူတိုသည် ၂၀၀၇ ခုနှစ်က ရာဝါပင်ဒီမြို့၌ လူထုစည်းဝေးပွဲကျင်းပချိန်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။ ထိုစဉ်က သမ္မတအဖြစ်တာဝန်ယူလျက်ရှိသူ မူရှာရက်ဖ်သည် ဘူတိုအားအသက်ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်စောင့်ရှောက်ပေးခြင်းမရှိဟု အစိုးရရှေ့နေများက ပြောကြားသည်။

မူရှာရက်ဖ်အပေါ်တင်ရှိသော စွဲချက်များနှင့်ပတ်သက်၍ အထောက်အထားများတင်ပြနိုင်ရန် တရားသူကြီးက ဩဂုတ် ၂၇ ရက်ကို ရုံးချိန်းသတ်မှတ်လိုက်သည်။ **ရိုက်တာ။**

မွတ်စလင်ညီနောင်များအဖွဲ့ ခေါင်းဆောင်ကို အီဂျစ်အစိုးရအဖွဲ့က ထိန်းသိမ်းပြီ

ကိုင်ရို ဩဂုတ် ၂၀

အီဂျစ်နိုင်ငံ၌ စစ်ဘက်ကထောက်ခံသောအစိုးရအဖွဲ့က မွတ်စလင် ညီနောင်များအဖွဲ့ ခေါင်းဆောင်ကို ဩဂုတ် ၂၀ ရက်တွင် ထိန်းသိမ်းလိုက်သည်။

အီဂျစ်နိုင်ငံ၌ မွတ်စလင်ညီနောင်များအဖွဲ့အား ထောက်ခံသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွင်းခဲ့ပြီးနောက် ယင်းအဖွဲ့၏ခေါင်းဆောင်ကိုပါ ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံ၌ ပထမဆုံးအကြိမ် ရွေးချယ်တင်မြှောက်ခံခဲ့ရသောသမ္မတဖြစ်သူ မော်စီအား ယင်းသမ္မတရာထူး၌ ပြန်လည်ခန့်အပ်ပေးရန် မွတ်စလင်ညီနောင်များအဖွဲ့က တောင်းဆိုခဲ့ရာမှ သွေးထွက်သံယိုမှုများပြားသော ဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့သည်။ အီဂျစ်နိုင်ငံ၌ ၁၉၅၂ ခုနှစ်တွင် ဘုရင်စနစ်ကိုဖျက်သိမ်းခဲ့ပြီးချိန်နောက်ပိုင်း ပြည်တွင်းပဋိပက္ခကြောင့် သေဆုံးရသူအများဆုံးဖြစ်ရပ်အဖြစ် လွန်ခဲ့သည့်ရက်သတ္တပတ်က လူပေါင်း ၉၀၀ ခန့်သေဆုံးခဲ့ရသည်။ သေဆုံးသူများတွင် ရဲတပ်ဖွဲ့နှင့် ကြည်းတပ်တပ်ဖွဲ့ဝင် ၁၀၀ ခန့်ပါဝင်သည်။

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရို၌ မွတ်စလင်ညီနောင်များအဖွဲ့ကိုထောက်ခံသူ ဆန္ဒပြသမားများ၏ သပိတ်စခန်းများကို ဩဂုတ် ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့များက ရှင်းလင်းရာမှ သွေးထွက်သံယိုမှုပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်။

ဇူလိုင် ၃ ရက်တွင် စစ်ဘက်က ဖြုတ်ချမှုကိုခံခဲ့ရသူ သမ္မတမော်စီအား ထောက်ခံသူ ၁၄၀၀ ခန့်အထိ သေဆုံးခဲ့ရကြောင်း မွတ်စလင်ညီနောင်များအဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

အသက် ၁၂၃ နှစ်ရှိ ဘိုလီးဗီးယားနိုင်ငံသား ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်ဖွယ်ရှိ

ဖရာစကျူရာ(ဘိုလီးဗီးယား) ဩဂုတ် ၂၀

ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိလူများအနက် အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် မှတ်ယူရဖွယ်ရှိသည့် လူသားတစ်ဦးရှိနေပြီဖြစ်သည်။ ၎င်းမှာ ဘိုလီးဗီးယားနိုင်ငံရှိ အင်းဒီးတောင်တန်းဒေသတွင် နေထိုင်ပြီး ကိုကာရွက်များကို ဝါးလေ့ရှိကာ မီးပုံဘေး၌ ချက်ပြုတ်စားသောက်သူကာမီလိုဖလိုရီးစ်လူရာဆိုသူဖြစ်သည်။ ၎င်းသည် ယခုအခါ အသက် ၁၂၃နှစ် ရှိပြီး အတည်ပြုနိုင်မည်ဆိုပါက ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည်။ ဖလိုရီးစ်လူရာသည် ၁၈၉၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက် တွင် မွေးဖွားခဲ့သူဖြစ်ကြောင်း ၎င်း၏အစိုးရမှတ်ပုံတင်ကတ်ပြားအရ သိရသည်။

ဘိုလီးဗီးယားနိုင်ငံ မျိုးနွယ်စုများ ရွေးကောက်ပွဲအဖွဲ့က ၎င်း၏အသက်ကို အတည်ပြုခဲ့သည်ဟု ဆိုသည်။ ၎င်းသည် ဖရာစကျူရာပြည်နယ်တွင် လယ်သမားတစ်ဦးအဖြစ် အသက်မွေးခဲ့သည်ဟု အဆိုပါရုံးမှ အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ ဘိုလီးဗီးယားနိုင်ငံသားအား အသေးစိတ်လေ့လာပါက ၎င်းသည် ရိုက်စ်ညီနောင်တို့၏ ကစ်တီဟော့လေယာဉ်မပျံသန်းမီ ၁၃ နှစ်ခန့်၊ ပြင်သစ်စစ်ဗိုလ်ချုပ် ချားလ်စ်ဒီဂေါ်နှင့် ဗီယက်နမ်တော်လှန်ရေးခေါင်းဆောင် ဟိုချီမင်းတို့မမွေးဖွားမီ ၁၃ နှစ်ခန့်အလိုတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်ဟု မှတ်တမ်းမှတ်ရာများအရ သိရသည်။

ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်း အလိုအရ ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် မှတ်တမ်းဝင်ခဲ့သူမှာ ပြင်သစ်နိုင်ငံသူ ဂျင်နီးကောလ်မက်ဖြစ်ပြီး ၎င်းမှာ အသက် ၁၂၂ အရွယ် ၁၉၉၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ **အေအက်ဖ်ပီ။**

အသက် ၁၂၃ နှစ်ရှိ ဘိုလီးဗီးယားနိုင်ငံသား အဘိုးအိုအား တွေ့ရစဉ်။

မုတ်သုံမိုး သည်းထန်စွာရွာသွန်း မြို့တော်မနီလာ ရေလွှမ်းမိုး

မနီလာ ဩဂုတ် ၂၀

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးလျက်ရှိပြီး ရေလွှမ်းမိုးမှုနှင့် ဆက်နွယ်၍ ခုနစ်ဦးသေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်မနီလာနယ်မြေဒေသ၏ ထက်ဝက်ကျော်မှာ ရေလွှမ်းလျက်ရှိသည်။ လမ်းများရေနစ်မြုပ်လျက်ရှိပြီး နေရာအချို့တွင် ရေထု ၂ မီတာ(ခုနစ်ပေ) အထက်ဖြစ်ပေါ်လျက်ရှိသည်။

လူဦးရေ ၁၂ သန်းနေထိုင်သော မြို့တော်မနီလာ၌ ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ ၁၃၀၀၀၀ ကျော် အိုးအိမ်များကို စွန့်ခွာခဲ့ကြရကြောင်း သတင်းတွင်ဖော်ပြသည်။

မြို့တော်မနီလာအရှေ့ပိုင်းကို ဖြတ်သန်းစီးဆင်းသော မာရီတီနာမြစ်ရေကြီးလျက်ရှိပြီး မြစ်ကမ်းနားရပ်ကွက်များ၌ နေထိုင်သူပြည်သူ ၂၀၀၀၀ ခန့် ဘေးကင်းရာသို့ ရွှေ့ပြောင်းထွက်ခွာရန် မြို့တော်ဝန်ကညွှန်ကြားထားသည်။ **အေအက်ဖ်ပီ။**

Mercury TRAINING CENTRE
Workshop Skills Training
ရေကြောင်းအင်ဂျင်နီယာသင်တန်းများ
Workshop Skills သင်တန်းအပတ်စဉ်(၃)အတွက် သင်တန်းသားခေါ်ယူခြင်း
B.E, B.Tech, A.G.T.I, E.G.T.I အောင်မြင်ပြီးသူများနှင့် Sea Services (၂)နှစ်ရှိပြီး ဆယ်တန်း(သိပ္ပံတွဲ) အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ ကျယ်ဝန်းသောစာသင်ဆောင်များ၊ ပြည့်စုံကောင်းမွန်သည့် သင်ထောက်ကူပစ္စည်းများ၊ အတွေ့အကြုံရှိ Chief Engineer များ၏ သင်ကြားမှုနှင့် အတူ ကျောင်းသားများအတွက် Facilities အပြည့်အစုံပေးသော သင်တန်း ဖြစ်သည်။
ဖွင့်မည့်ရက်များ
Workshop Skills သင်တန်း - August လအတွင်း
သင်တန်းကာလ - (၅)လ
Officer in charge of an Engineering Watch
OEW(3E) သင်တန်း - September လအတွင်း
သင်တန်းကာလ - (၅၂)ပတ်
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းပါ။
ဒေါ်ပုံသဘော်ကျင်းဝင်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ (မဟာဗန္ဓုလတံတားအနီး)
09-421165656, 09-5175960, 09-5015620, 01-294420, 201464, 09-8639123

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့၊ဒဂုံမြို့သစ်တောင်ပိုင်း၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ဒဂုံဆိပ်ကမ်းမြို့နယ်များရှိမြေကွက်များဝယ်လိုသည်။
☎-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၆၅

အခန်းကျယ်ရောင်းမည်
ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်။ အငှားထားလျှင် ဈေးကောင်းရမည်။
ကျောက်မြောင်း၊ ဒဂုဏ်သီရိလမ်း၊ အိမ်ရှေ့ခုံကျယ်၊ လှေကားကျယ်၊ ပတ်ဝန်းကျင်ကောင်း၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ ဒုတိယထပ် (17'x60') အိမ်ရှေ့ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့်ပန်းကနုတ်သံပန်းများနှင့် ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်ထားသည်။ ပန်းကနုတ်ကျွန်းတံခါးများ၊ PVC ပြတင်းပေါက်ကျယ်များ တစ်အိမ်လုံးပြည့်တပ်ဆင်ပြီး၊ (အိပ်ခန်း(၂)ခန်း ပါ) A/C(1) လုံး၊ မျက်နှာကျက်ပလာစတာကောနစ်၊ အဆင့်မြင့်မီး အလှများနှင့် မီးဆိုင်းများတပ်ဆင်ထားသည်။ ကျွန်းပါကေးခင်း၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်း/ကပ်၍ မီးဖိုခုံနှင့်ဘီရိုများ တပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင်(အသင့်နေနိုင်)
ကျပ်သိန်း→(625)(ပွဲစားမလို) Ph:09-5053076

မွှင့်ဦး
သစ်မွှေးစိုက်ခင်းနှင့် ပျိုးဥယျာဉ်
ကချင်ပြည်နယ်သစ်မွှေး (Northern Agarwood)
ပျောက်ကင်းနိုင်သောရောဂါများ
ဆီးချို၊ သွေးတိုး၊ ကိုလက်စထရောကျစေခြင်း၊
နှလုံးနှင့် လေဖြတ် ရောဂါတို့ကို ကာကွယ်စေခြင်း။
သစ်မွှေးပျိုးပင်များ ရနိုင်ပါသည်။
သစ်မွှေးပန်းခြောက် (Agawood Flower Tea) (၅၀ - ဂရမ်)
တစ်ဘူး ၅၀၀၀ိ/ - ကျပ်ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။
သစ်မွှေးပျိုးပင် / သစ်မွှေးပန်းခြောက် ရရှိနိုင်သောနေရာ
ကိုအောင်ဇော်ရှိန် - ၀၉-၄၉၄၅၀၀၅၆၊ ၀၉-၅၀၂၈၈၉၀၊ သစ်မွှေးဝါသနာရှင်များ (Group)
ရန်ကုန် - လှည်းကူးမြို့နယ်၊ ဖောင်ကြီး-မင်းကုန်းရွာအလွန်ကားလမ်းဘေး။
မန္တလေး - တံခွန်တိုင်ပြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ဈေးရှေ့။
သစ်မွှေးပန်းခြောက် ရရှိနိုင်သောနေရာ
မန္တလေး - ဒေါ်အေးကြည်၊ ဗဟိုမုန့်တိုက်၊ လမ်း ၈၀ နှင့် ၃၂ လမ်းထောင့်။ ၀၂-၃၄၅၀၇၊ ၀၂-၂၃၄၇၅
ရန်ကုန် - အမှတ် (၂၄) ပထမထပ်၊ (၁၃) လမ်း(အောက်)၊ လမ်းမတော်မြို့နယ်၊ ၀၉-၄၃၀ ၈၀၇၃၂
သစ်မွှေးပန်းခြောက် ရရှိနိုင်သောနေရာ
ရန်ကုန် - အမှတ် (၄၇/ခ)၊ ကမာရွတ်စီးကရက်စက်ရုံအနီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်။ ၀၉-၈၃၀၂၀၉၆
ရန်ကုန် - ပြည့်စုံ (ကုန်မျိုးစုံနှင့် ဆေးစတိုး) သျှင်ပါဂူဆေးရုံကြီးရှေ့။ ၀၁-၅၄၂ ၄၇၁
သန်လျင် - ၀၉-၇၃ ၀၅၃၈၉၈ ထောက်ကြန့်- ကိုစိုးနိုင်၊ ၀၉-၇၃၉ ၀၁၃၄၈
လှည်းကူး - ကိုရဲထွန်းနောင်၊ ၀၉-၄၂၁ ၀၂၀၇၁၉ မင်းကုန်း - ကိုနိုင်ဦး စတိုး ၀၉-၈၆ ၁၀၅၇၀
ပဲခူး - လောကနတ်(ကဖီး) ၀၉-၅၃၀ ၂၂၈၉၊ ၀၅၂-၂၂၂ ၈၉
မြောင်းမြ - ငွေစင်ကြယ်၊ ၀၄၂-၇၀၅၁၁၊ ပုသိမ် - ကိုသက်နိုင်၊ ၀၉-၈၅၅၁၉၉၂၊
ထူးကြီးမြို့ - ကိုအောင်မင်းစိုး၊ ၀၉ ၈၅၈၇၆၂၀။
ကလေးမြို့ - ဦးကီးလွန်း၊ ၀၉-၄၀၀၅၁၁၆၈၇ ချောက်မြို့- ၀၉-၄၀၁၅၅၉၇၇၅
ပေါင်မြို့ - အောင်မြင်စံ (လျှပ်စစ်ပစ္စည်းဆိုင်) ၀၅၇-၄၇၀၄၃
ဘားအံ - နှင်းရတနာရွှေဆိုင်၊ မြို့မဈေး။ ၀၉-၈၇၃၀၆၄၀။
ဘားအံ - ကော့ကရိတ်-မြဝတီလမ်းဆုံ၊ ဦးချစ်ဝင်း၊ ၀၉-၄၉၇၇၀၇၆
သာမည - သာမညဈေးအနီး၊ ကိုအောင်စိုး၊ ဦးစောဝင်းလှိုင် ၊ ၀၉-၄၉၇၇၁၇၀၁

လေ့လာရေးအဖွဲ့များ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စက်မှုလယ်ယာမြေစနစ် စိုက်ကွင်းများ ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးမှလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များသည် ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိတစ်ဆက်တစ်စပ်တည်း ခေတ်မီစက်မှုလယ်ယာမြေစနစ် စိုက်ကွင်းများ**(အောက်ပုံ)**နှင့် လယ်ယာသုံး စက်ကိရိယာများကို လာရောက်လေ့လာကြည့်ရှုကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဗဟိုဌာန (IRRI) ဌာနေကိုယ်စားလှယ် Dr. Modona၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Dr. Moon နှင့် အဖွဲ့က ဒက္ခိဏသီရိမြို့နယ်ရှိ တစ်ဆက်တစ်စပ်တည်း ဧက(၁၀၀၀) စံပြစက်မှုလယ်ယာမြေစနစ် စိုက်ကွင်းရှိ တောင်သူလယ်သမားရှင်းလင်းဆောင်၌ ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဟိုတယ်ဇုန်ရှိ ဟိုတယ်ရွှေပြည်တော်အတွင်း ဖွင့်လှစ်ထားသော ခါတုကင်းလွတ် သစ်သီးဝလံနှင့် မျိုးစေ့အရောင်းဆိုင်၌ ခင်းကျင်းပြသထားသော နဂါးမောက်သီး၊ လိမ္မော်သီး၊ ဂေါ်ရခါးသီး၊ ဖရဲသီး၊ သခွားမွှေး၊ သရက်သီး၊ နာနတ်သီး၊ သဘော်သီးနှင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက် အမျိုးမျိုး၊ စပ်မျိုးနေကြာမျိုးစေ့၊ စပ်မျိုးအစေ့ထုတ်ပြောင်းမျိုးစေ့နှင့် ပုလဲသွယ်စပ်မျိုး မျိုးစေ့များကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ငလိုက်ဆည် ရေသောက်စနစ်ရှိ တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် (၈၅)ဧက စိုက်ကွင်း၌ ဂျပန်မူရင်းမျိုး သက်တမ်းတို၊ အရည်အသွေးကောင်း (Quality Rice) စပါးမျိုးများ၏ သက်တမ်းအဆင့်ဆင့်အလိုက်ဖြစ်ထွန်းအောင်မြင်နေမှုများ၊ ရင့်မှည့်သီးပွင့်နေမှုများ၊ ချိုင်းကျေးရွာအနီးရှိ Alliance Stars ကုမ္ပဏီ၏ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်အမျိုးမျိုး၊ မြင်းကောင်ရေအားအမျိုးမျိုးရှိသော ခေတ်မီလယ်ထွန်စက်ကြီးများ၊ မီနီဘက်ဖိုးများ၊ ခေတ်မီဘက်စုံ(၁၀)မျိုးသုံး လက်တွန်းထွန်စက်များ၊ ပျဉ်းမနားမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် အလျင်လိုကျေးရွာရှိ တစ်ကွင်းတစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် ဧက(၄၄၀) စိုက်ကွင်း၌ ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရန် ပျိုးဗန်းများဖြင့် စနစ်တကျ ပျိုးထောင်ထားသော ပုလဲသွယ်စပါးပျိုးပင်များနှင့် ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် အသင့်ဆောင်ရွက်နေမှုများ၊ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ်ရှိ တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် ဧက(၉၀၀) စိုက်ကွင်း၌ တစ်ဧကတန် ၆၀ ထွက်ရှိသည့် အထူးအထွက်တိုးမျိုးသန့်မျိုးပွား ကြံစိုက်ခင်းများနှင့် ဆီထွက်သီးနှံ စပ်မျိုးနေကြာသီးနှံ စိုက်ခင်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီစည်းဝေး

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အသင်း(ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအသင်း ဥက္ကဋ္ဌ ရဲသူရိန် ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ၂၀၁၃ ခုနှစ် လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဇေယျာသီရိမြို့နယ်၌ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ခုတင် ၅၀ ဆံ့ဆေးရုံအုပ်ဒေါက်တာကေသီခိုင်၊ လက်ထောက်ဆရာဝန် ဒေါက်တာအေးမြသီတာအောင်၊ သူနာပြုအဆင့် (၁) ဒေါ်နန်းသူဇာမြိုင်တို့က ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေ ဆေးလုံးနှင့် သန်ချဆေးများတိုက်ကျွေးခြင်း **(အပေါ်ပုံ)**၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအား အာဟာရပစ္စည်းများထောက်ပံ့ခြင်းနှင့်ကြက်သားဆန်ပြုတ်ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ဩစတြီးယားသံအမတ်ကြီးခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် ဩဂုတ် ၂၁

မစ္စတာ အန်နို ဒရိုဖိနစ်အား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ အန်နို ဒရိုဖိနစ်အား ၁၉၇၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဩစတြီးယားနိုင်ငံ ဗီယင်နာတက္ကသိုလ်တွင် ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ ဘာသာရပ်ကို လေ့လာဆည်းပူးခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ယင်းတက္ကသိုလ်မှ ဥပဒေအထူးပြုဖြင့် မဟာဘွဲ့ ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ၊ ဥရောပနှင့် နိုင်ငံတကာရေးရာဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ဩစတြီးယားနိုင်ငံ သံရုံးနှင့်အဖွဲ့ရုံးများတွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ အန်နို ဒရိုဖိနစ်သည် ၂၀၁၀ ပြည့်နှစ်မှစ၍ ဩစတြီးယားနိုင်ငံ၊ ဥရောပနှင့် နိုင်ငံတကာရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးရာ အတွင်းရေးမှူးချုပ်ရုံးတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

ပိုလန်သံအမတ်ကြီးခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် ဩဂုတ် ၂၁

မစ္စတာ ဇီနွန် ကူချီယတ်အား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဇီနွန် ကူချီယတ်အား ၁၉၆၀ ခုနှစ် ဒီဇင်ဘာလတွင် ပိုလန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၆ ခုနှစ်တွင် မော်စကိုနိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ပရှိ ပိုလန်သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဥဇဘက်ကစ္စတန်နိုင်ငံဆိုင်ရာ ပိုလန်သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ မစ္စတာ ဇီနွန် ကူချီယတ်သည် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားဥပဒေပြုရေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

ဆားဘီးယားသံအမတ်ကြီးခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် ဩဂုတ် ၂၁

မစ္စတာ မီယိုဒရက် နီကိုလင်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆားဘီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ မီယိုဒရက် နီကိုလင်အား ၁၉၅၄ ခုနှစ်တွင် ဆားဘီးယားနိုင်ငံ ဇရင်ဂျနင်မြို့တွင် မွေးဖွားခဲ့ပြီး ဘဲလ်ဂရိတ်တက္ကသိုလ်မှ စီးပွားရေးပညာဘာသာရပ်ဖြင့် ၁၉၇၇ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ထိုစဉ်က ယူဂိုဆလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးရာ ဖက်ဒရယ် အတွင်းရေးမှူးချုပ်ရုံးတွင် အလုပ်သင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် ဆောင်ရွက်ခဲ့သည်။ မစ္စတာ မီယိုဒရက် နီကိုလင်သည် ဆားဘီးယားနိုင်ငံ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနတွင် သံတမန်ရေးရာအကြံပေးအဖြစ်နှင့် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

HOME & SERVICES JOURNAL
Vol. 1, No. 11
■ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှု စီမံချက်တို့ တိုးမိတိုက်မိကြပြီလား
■ ရန်ကုန်ကို ကယ်တင်ကြသူများ
■ မန္တလေးမှာ ဆုံးရှုံးကွယ်ပျောက်သွားခဲ့ရတဲ့ အရာတွေ
■ မြန်မာ့လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှု ခေတ်သစ်ရောက်ပြီလား
■ သဘာဝပတ်ဝန်းကျင်၊ ဝန်ဆောင်မှုများနဲ့ အင်းလေးကန်
■ မြေဝယ်မည့်သူများအတွက် ဆရာဟိန်းလတ်ရဲ့ ဖုန်းရွှေ
■ ရိုတန့် ရှာလီခရောတို့ရဲ့ အိမ်အကြောင်း

ဈေးကွက်အနှံ့ ထွက်ပြီ
အမှတ် ၂၄၆၊ အခန်း ၄၀၇၊ ပင်လုံထိပ်ထားကွန်ဒို၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၇၀၆၄၇၉၊ ၀၉ ၇၃၂ ၄၄၁၇၅၊ ၀၉ ၇၃၂ ၃၄၅၀၇

ပြည်သူ့ခေတ်
အတွဲ ၄၊ အမှတ် ၁၅၉
အမျိုးသား ညီညွတ်ရေး၊ ပြည်ထောင်စု ညီလာခံနှင့် ဒီမိုကရေစီကို အာမခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ
● သိကြားမင်း စည်းစိမ်ကို အကြိမ်ကြိမ် ခံစားပြီးကာမှ ဆိုလျှင်.....
● အာဏာရှင်ခေတ်၏ ကြွင်းကျန်ရစ်သော ဒဏ်ရာဒဏ်ချက်များ
● ဖက်ဒရယ်နှင့် မြန်မာ့နိုင်ငံရေး အချိုးအကွေ့များ
● လွတ်လပ်ရေး လှုပ်ရှားမှု၊ ပင်လုံစိတ်ဓာတ်နှင့် ဖက်ဒရယ် ဇာတ်မျော
● လိုက်နာနိုင်မယ့် ဥပဒေဖြစ်ဖို့လို ● တစ်ခေတ် ပြန်လည် ဆန်းသစ်ခြင်း
● တက္ကသိုလ် ပညာရေးမှာ ပြင်သင့်တာတွေ အကြံပြုပါရစေ
● လွှတ်တော်အသံ ပြည်သူ့အသံ ဟုတ် မဟုတ် စမ်းသပ်မည်
● တရားဥပဒေစိုးမိုးရေး အကန့်အသတ်ရှိ၊ အတတ်နိုင်ဆုံး ကြိုးစားခဲ့ရ
ထွက်ပြီ

လမြတ်ဝါခေါင် ရေဖောင်ဖောင် လူ့ဘောင်သာဖို့ မေတ္တာပို့

လဆန်းရယ်တဲ့ ငွေဘုံဆောင်၊
ပြည့်ရွှန်းကြယ် သရဝဏ်နှင့်၊
နယ်တစ်ဝန်း ရှစ်ခွင်တိုင်းမှာ၊
မှိုင်းရီလို့မှောင်။
ငွေတာရာ ကြယ်သိန္နဝငယ်တို့၊
ဝေဟာမှာ အရှိန်ပြပါတဲ့၊
ချိန်ခါသမယ လဝါခေါင်မှာ၊
ငွေတောင်ပြည့်လွှမ်း။
ခတ္တာငုံ ချပ်လွှာမှုံတကြုကြုနဲ့၊
ပြည်နိဗ္ဗူ ပတ္တနာသန်လို့၊
စာရေးတံလှူတော်ပွဲကို၊
နွှပျော်ဖို့လှမ်း။ ။

ဦးပြုံးချို

မြန်မာလများ၏ ငါးလမြောက်မှာ ဝါခေါင်လဖြစ်သည်။ မိုးဥတုတွင် ပါဝင်ပြီး မိုးများသောကာလဖြစ်သည်။ မြစ်များ၊ ချောင်းများရေပြည့်ရေလျှံသော အချိန်ဖြစ်သည်။ "ဝါဆိုဝါခေါင် ရေဖောင်ဖောင်"ဟု ဆိုစမှတ်ပြုကြသည်။ "ဝါဆိုဝါခေါင်ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်"ဟူသော ဆရာမင်းသုဝဏ်၏ ကဗျာကဲ့သို့ပင် သပြေကသီး ရေကကြီးလေသည်။ ချောင်းရေကလျှံ ကန်ရေကတိုးရအောင် မိုးများလှ၏။

မြန်မာမှုအရ ဝါခေါင်လကို သိဟ်ရာသီဟု ခေါ်သည်။ စန်းပြည့်နက္ခတ်မှာ သရဝဏ်နက္ခတ်ဖြစ်သည်။ ဗျိုင်းတာရာနှင့် ယှဉ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်သည်။ ငါးလမြောက်ဖြစ်၍ ရက်မစုံသောလဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်ပြီး ရာသီပွဲတော်မှာ "စာရေးတံမဲ"ပွဲတော်ဖြစ်သည်။

ဝါခေါင်လတွင် အညာဒေသ၌ ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင်တို့ပွင့်ကြသည်။ မိုးမှာမူ သဲသဲမဲမဲ ရွာလေ့မရှိတတ်ပေ။ အညာဒေသသည် မိုးနည်းလေ့ရှိသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌မူ မိုးများစွာရွာသွန်းလေ့ရှိသည်။ မဟာအတုလမင်းကြီးက ဝါခေါင်လဘွဲ့ လွမ်းချင်းတွင် "ဒေဝရိန်ပဇ္ဇုန်မှုံးငယ်က မြူးလှတယ်လေး"ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်အခါ သံဃာအများနှင့် စပ်ဆိုင်သော ဆွမ်းအလှူကိစ္စ၊ ဝိနည်းကိစ္စတို့တွင် ပြဋ္ဌာန်းဆုံးဖြတ်ရာ၌ အမှုကို ပြီးစီးလွယ်စေသောငှာ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းတံကို မဲနှိုက်စေ၍ ဆုံးဖြတ်စေသည်။ ယင်းဝါးခြမ်းတံကို စာရေးတံဟုခေါ်သည်။ ပုံစံအားဖြင့် သံဃာတော်များကို ဒါယကာ၊ ဒါယိကာမများက ဆွမ်းပင့်ဖိတ်သောအခါ မည်သည့်ဒါယကာ၊ မည်သည့်ဒါယိကာမသည် မည်သည့်သံဃာအားဆွမ်းကျွေးစေဟူ၍ ဆုံးဖြတ်ရန် မရကောင်းသောအခါ၌ စာရေးတံဟုခေါ်သော ဝါးခြမ်းတံဝယ် သံဃာအရေအတွက်ကို အမှတ်အသားပြု၍ ကံအလျောက်ဆွမ်းကပ်နိုင်ကြစေရန် အိမ်စဉ်အလိုက် မဲနှိုက်စေ၍ "သလာကဘတ်" စာရေးတံဆွမ်းအလှူကို လှူဒါန်းစေခြင်းပင်ဖြစ်သည်။

ပန်းတောင်းသန်းကြွယ်

စာရေးတံမဲအလှူသည် ဆွမ်းကိုသာမက ရဟန်းအသုံးအဆောင်များဖြစ်သော ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်း စသည်တို့ကိုပါ မဲချလှူဒါန်းခြင်းမျိုးဖြစ်၍ အလှူရှင်တို့က နှစ်သက်မြတ်နိုးကြသည်။

လမြတ်ဝါခေါင်တွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော "မေတ္တာအခါတော်နေ့" ပါဝင်လျက်ရှိသည်။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတရားကိုယူ၍ ဟိမဝန္တာနှင့်စပ်လျက်ရှိသော တောအုပ်ကြီးအတွင်းသို့ ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြလေသည်။ မိမိတို့သစ်ပင်အောက်သို့ ရဟန်းများရောက်လာသဖြင့် ရဟန်းတို့၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးခဲ့ရသော နတ်များသည် အမျိုးမျိုးခြောက်လှန့်၍ ရဟန်းများမနေနိုင်အောင် အနှောင့်အယှက်ပြုကြသည်။

ရဟန်းများစိတ်ချောက်ချားကာ ရောဂါများရကြပြီး ဝါတွင်းကြီးမှာပင် ဘုရားထံပြန်ကြရသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ရဟန်းငါးရာတို့အား မေတ္တာသုတ်တရားတော်ကို ဟောဖော်ညွှန်ပြ၍ ထိုတောအုပ်သို့ ပြန်သွားပြီး မေတ္တာဘာဝနာကိုပါ ပွားများကြရန် မိန့်တော်မူသည်။ ရဟန်းများတောအုပ်သို့ ပြန်သွားကြပြီး မေတ္တာဘာဝနာများ ပွားများကြလေသည်။ ထိုအခါတွင် နတ်များသည် မေတ္တာဓာတ်ကြောင့် ရန်မပြုကြတော့ဘဲ ရဟန်းများကို ပြုစုစောင့်ရှောက်ဖော်ပင်ရလာသည်။

ရဟန်းများ ဝိပဿနာဘာဝနာပွားများအားထုတ်ခြင်းကို ချမ်းသာစွာပြုလုပ်လာနိုင်သဖြင့် မကြာမီ လေးမင်္ဂလေးဖိုလ်ရပြီး ရဟန္တာများဖြစ်သွားကြလေသည်။ နှောင်းလူတို့က ထိုမေတ္တာသုတ်ကို ဟောတော်မူသော ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့" အဖြစ် သတ်မှတ်ကာ ကောင်းမှုကုသိုလ်များ ပြုလုပ်၍ မေတ္တာဘာဝနာများ ပွားများကြလေသည်။

မေတ္တာဟူသည် သန့်စင်အေးမြလှ၏။ သူတစ်ပါး၏ကောင်းကျိုးစီးပွားကို လိုလား၏။ အငြိုးအာဃာတကို ပယ်ဖျောက်တတ်၏။ သူတစ်ပါးကောင်းကျိုးကို ဆောင်ရွက်ပေးတတ်သော သဘောရှိလေသည်။ မေတ္တာဟူသည် အစိုဓာတ်၊ အအေးဓာတ်၊ အစေးဓာတ်ရှိသည်။ တစ်ဦးနှင့်တစ်ဦး အစေးမကပ်ခြင်း၊ အစေးမကပ်ခြင်းမှာ မေတ္တာမထားနိုင်ခြင်း၊ မေတ္တာပြယ်နေခြင်းကြောင့် ဖြစ်လေသည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်အခါ သံဃာအများနှင့် စပ်ဆိုင်သော ဆွမ်းအလှူကိစ္စ၊ ဝိနည်းကိစ္စတို့တွင် ပြဋ္ဌာန်းဆုံးဖြတ်ရာ၌ အမှုကို ပြီးစီးလွယ်စေသောငှာ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းတံကို မဲနှိုက်စေ၍ ဆုံးဖြတ်စေသည်။ ယင်းဝါးခြမ်းတံကို စာရေးတံဟုခေါ်သည်။

အရာရာကိုအောင်နိုင်ဖို့ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ စည်းလုံးရန်လိုအပ်သည်။ မိသားစု၊ ညီအစ်ကိုမောင်နှမ၊ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်၊ နိုင်ငံအတွင်းတွင် အားလုံးသည်စည်းစည်းလုံးလုံးရှိဖို့လိုလေသည်။ စည်းစည်းလုံးလုံးရှိနိုင်ဖို့ အဓိကမောင်းနှင်အားသည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် မေတ္တာထားနိုင်ဖို့လိုအပ်သည်။ သို့မှသာ ဤမြေကမ္ဘာသည် သာယာနေပျော်ဖွယ်ကောင်းသော ကမ္ဘာ့ရွာကြီးဖြစ်လာပေလိမ့်မည်။

မြတ်စွာဘုရားရှင်က မေတ္တာသုတ်နိဒါန်းတွင် မေတ္တာဘာဝနာပွားများသူတို့ လိုက်နာပြုကျင့်ထိုက်သော တရားများကို မိန့်မှာတော်မူသည်။ မေတ္တာစွမ်းအားရှိရမည်။ ကာယကံ၊ ဝစီကံဖြောင့်မှန်၍ မှန်တာလုပ်၊ ဟုတ်တာပြောရမည်။ စိတ်သဘောထားအထူးဖြောင့်မတ်ရမည်။ ပညာရှိသူတော်ကောင်းစကားနားထောင်ရမည်။ လိုက်နာရမည်။ နူးညံ့သိမ်မွေ့၍ မာန်မာနကင်းရမည်။ ရောင့်ရဲနိုင်ရမည်။ လွယ်ကူစွာအသက်မွေးရမည်။ အပိုကိစ္စနည်းပါးရမည်။ ငြိမ်သက်သော ဣန္ဒြေရှိပြီး ရင့်ကျက်ရမည်။ ကိုယ်၊ နှုတ်၊ နှလုံးကြမ်းတမ်းမှုကင်းစေရမည်။ ငါ့ဆွေမျိုး၊ ငါ့မိသားစုဟူသောအစွဲ ကင်းရမည်။ အချုပ်အားဖြင့် ပညာရှိများကဲ့ရဲ့နိုင်သော မကောင်းမှုအသေးအဖွဲများကိုပင် ရှောင်ကြဉ်ရမည်ဖြစ်သည်။

ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဆူကြုံအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေဟူ၍ နှစ်စု၊ သုံးစု ခွဲကာ မေတ္တာပို့ရသည်။

တစ်ဖက်သားတို့ချမ်းသာစေရန်၊ ဒုက္ခမရောက်စေရန် အရင်းခံစေတနာဖြင့် "လူအချင်းချင်း လှည့်စားခြင်း ကင်းရှင်းကြပါစေ၊ လူအချင်းချင်း အထင်သေးခြင်း ကင်းရှင်းကြပါစေ၊ လူအချင်းချင်းနှိပ်စက်ခြင်း ကင်းရှင်းကြပါစေ" ဟူ၍ ဆက်လက်မေတ္တာပို့ရန် ဘုရားရှင်ကမိန့်ကြားတော်မူသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် သူ့ကိုဆန့်ကျင်သောမာရ်နတ်၊ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စမာဏ၊ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါး၊ ဗကဗြဟ္မာတို့ကို မေတ္တာဖြင့်အောင်မြင်တော်မူခဲ့၏။ အကြမ်းမဖက် မေတ္တာသက်သက်ဖြင့် အောင်ခြင်းရှစ်ပါးကိုအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မေတ္တာလက်နက်ကား တန်ခိုးထက်လှ၏၊ မေတ္တာဆောင်လျှင် အောင်မြင်မှုရကြ၏။ မေတ္တာဘာဝနာပွားများခြင်းဖြင့် ချမ်းချမ်းသာသာအိပ်ရ၊ နိုးရ၏။ အိပ်မက်ကောင်းကိုသာ မြင်မက်ရ၏။ လူ၊ နတ်တို့ချစ်ခင်ကြ၏။ နတ်များ၏ကူညီခြင်းကိုခံစားရ၏။ မီး၊ အဆိပ်မြား၊ ဓားလက်နက်စသည့်အန္တရာယ်မှကင်းဝေး၏။ လျင်မြန်စွာသမာဓိရ၍ မျက်နှာမှာ ကြည်လင်လန်းဆန်းနေတတ်၏။ မတွေမဝေသေဆုံးရ၏။ ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏။ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ရန် အထောက်အပံ့ကောင်းကြီးလည်းဖြစ်၏။

ထို့ကြောင့် မိမိတို့ရည်မှန်းချက်တစ်ခုခု အောင်မြင်လိုလျှင် မေတ္တာထားပါ၊ မေတ္တာပွားပါ၊ မေတ္တာဖြင့်သာ ဆောင်ရွက်ကြပါဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မေတ္တာအစွမ်း ကမ္ဘာလွှမ်း အေးချမ်းသာယာကြပါစေ။

အမှုစစ်ဆေးစဉ် ပွင့်လင်းမြင်သာမှုရှိစေရေး CCTV ကင်မရာဖြင့် မှတ်တမ်းတင်ထားရှိမည်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ရဲစခန်းတွင် အမှုစစ်ခန်းနှင့် ပြည်သူ့ဝန်ဆောင်မှု အကူအညီပေးရေးအဖွဲ့တို့၏ လုပ်ဆောင်ချက်များကို CCTV ကင်မရာတပ်ဆင်၍ မှတ်တမ်းတင်ထားရှိကြောင်း လမ်းမတော်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကြည်၏ ပြောကြားချက်အရသိရသည်။**(အပေါ်ပုံ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များအား အများပြည်သူတို့ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ အစီအစဉ်ဖြင့် ဩဂုတ်လမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးတွင် CCTV ကင်မရာ တပ်ဆင်၍ မှတ်တမ်းတင်ထားရှိခြင်းဖြစ်သည်။

လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် တရားလိုသက်သေနှင့် တရားခံတို့ကို စစ်ဆေးခြင်း၊ ဖြစ်ပွားသည့်အမှုနှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်မှုများအစရှိသည်တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်တမ်းတင်ထားရှိမည်ဖြစ်သည်။ အဆိုပါ မှတ်တမ်းကို အချိန်မရွေးပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်သည်။

မြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် CCTV ကင်မရာတပ်ဆင်ထားရှိမှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်အတွင်းရှိ ရပ်မိရပ်ဖအဖွဲ့ဝင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကြည်နှင့် ဒုတိယစခန်းမှူး ရဲအုပ်ဆန်းထွန်းတို့က စခန်းအတွင်း လိုက်လံရှင်းလင်းပြသကြသည်။

(မျိုးမင်းသူရ)

ရွှေကူမြို့နယ်တွင် မူးယစ်ဆေးဝါး (ဘိန်းဖြူ) ရောင်းချသူများကို ဖမ်းဆီးရမိ

ရွှေကူ ဩဂုတ် ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းစိန်ဦးစီးအဖွဲ့သည် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂နာရီခန့်တွင် သက်သေများဖြစ်ကြသော ရွှေကူမြို့ အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်း၊ ရာအိမ်မှူး ဦးအောင်ကျော်မြင့်တို့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ရွှေကူရဲစခန်း အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ ရွှေကူ-ဗန်းမော် မဟာဗျူဟာကားလမ်းမိုင် တိုင်အမှတ် (၁၃၈/၀)အနီးရှိ တောလမ်း အတွင်း(ခန့်မှန်းမြေပုံညွှန်း KG ၇၉၄၇၁၅)နေရာတွင် တရုတ်ပြည်လုပ် ရင်စင်း - ၁၂၅ ဆိုင်ကယ် အဟောင်းနှစ်စီးနှင့်အတူ မူးယစ်ဆေးဝါးရောင်းချနေသူ လေးဦးတို့ကို သွားရောက်ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးရေးအဖွဲ့များအား မြင်တွေ့သည်နှင့် ၎င်းတရားခံ လေးဦးအနက် တစ်ဦးမှာ ထွက်ပြေးလွတ်မြောက် သွားခဲ့ကြောင်း၊ ကျန် သုံးဦးဖြစ်သည့် မင်းခိုင်(ခ) ဆံရှည်၊ ခမ်းထူး(ခ) အလောင်းနှင့် ဖိုးဆေးတို့ သုံးဦးကို **(အောက်ပုံ)** ဖမ်းဆီးစစ်ဆေးရှာဖွေခဲ့ရာ ၎င်းတို့ထံမှ ရှမ်းပျိုမယ်သွေးဆေး တံဆိပ်ပါ အဖြူရောင် ပလတ်စတစ် အကြည်ဘူးဖြင့် ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၄ ဒသမ ၀၁ ဂရမ်ခန့် (ကာလတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ ခန့်)နှင့် မူးယစ်ဆေးဝါး ရောင်းချရငွေ ၄၁၀၀၀ ကျပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ရွှေကူမြို့မရဲစခန်းက မယ(ပ) ၂၁/၂၀၁၃၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **ညွန့်ဇော် (မန္တလေး)**

စားသုံးသူ ကာကွယ်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၀

စားသုံးသူကာကွယ်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် လူမှုရေးအဖွဲ့အစည်းများမှ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(လှလေးစိန်)

လွှတ်တော်ရေးရာကဏ္ဍ

❐ ပြည်သူ့လွှတ်တော်မှ

စုံစမ်းလေ့လာမှုတစ်ရပ်ကို ဆောင်ရွက်လျက်ရှိပြီး ၎င်းအပေါ် အခြေခံ၍ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် မြို့နယ်အခြေပြုလူမှုကျန်းမာရေးအာမခံစနစ်ကို စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရည်အသွေးမြှင့်တင်နိုင်ရေးအတွက်လည်း ပြည်တွင်းသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံခြားတိုင်းပြည်အစည်းအဝေးများသို့ စေလွှတ်ခြင်း၊ ရက်တို/ရက်ရှည်သင်တန်းစေလွှတ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင် ဦးသောင်းက ဖတ်ကြားတင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းတွင် အခန်း(၉)ခန်းနှင့် ပုဒ်မပေါင်း (၃၃)ခုပါရှိပြီး မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြသော နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများရှိ ရှေးဦးကလေးသူငယ်များအား အသက်အရွယ်အလိုက် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရေးအတွက် မှန်ကန်သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနည်းစနစ်များဖြင့် ပြုစုပျိုးထောင်နိုင်ရန်၊ ရှေးဦးကလေးသူငယ်များ ဖွံ့ဖြိုးရေးဆိုင်ရာစံနှုန်းများနှင့်အညီ စနစ်တကျ ကြီးကြပ်နိုင်ရန်နှင့် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများ ပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖အမျိုးသားလွှတ်တော်မှ

ကြိုတင်ကာကွယ်ရန်အတွက်လည်း ပြဋ္ဌာန်းရမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုသည် နေရာမျိုးစုံနှင့် အဖွဲ့အစည်းမျိုးစုံတွင် ဖြစ်နိုင်ပါကြောင်း၊ ထို့အပြင် ဥပဒေကြမ်းတွင် ပုဒ်မ ၄၄ ကို အကျယ်တဝင့် ပြင်ဆင်စေလိုပါကြောင်း၊ ကော်မရှင်၏လုပ်ပိုင်ခွင့်၌လည်း စစ်ဆေးမှုများ ပြုလုပ်ရာတွင် ရှောင်တခင်စစ်ဆေးခွင့်ရှိသည်တို့ကို ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်က လူ့အခွင့်အရေးဆိုသည်မှာ သဘာဝလောကကြီးတွင် သဘာဝအလျောက်ရှိနေသော လူသားတို့၏ အခွင့်အရေးများဖြစ်ပြီး ၎င်းအခွင့်အရေးများ မရှိလျှင် လူသားအဖြစ် အသက်ရှင်နေထိုင်နိုင်စွမ်းမရှိဟု ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ နိဒါန်းစာပိုဒ်တွင် လူ့အခွင့်အရေးနှင့်လူ့သိက္ခာကို လေးစားလိုက်နာခြင်းသည် ကမ္ဘာကြီးတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှု ပေါ်ထွန်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်ဟု ဖော်ပြထားပါကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းထားရှိရန်၊ လွတ်လပ်သော တရားစီရင်မှုရှိစေရန်၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား အကာအကွယ်ပေးပြီး နစ်နာမှုရှိပါက ကုစားပေးမည့်ဥပဒေပြဋ္ဌာန်းမှုနှင့် ဥပဒေအရ အရေးယူမှုရှိစေရန်နှင့် ဒီမိုကရေစီနည်းကျသည့် အဖွဲ့အစည်းများ ထူထောင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ – ဘရာဇီးလ် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၀

ဘရာဇီးလ်နိုင်ငံအစိုးရ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ညွှန်ကြားရေးမှူး Ambassador Femando Marroni Abreu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့ ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရန်းဗလခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအစိုးရနှင့် ဘရာဇီးလ်နိုင်ငံအစိုးရတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်

နေပြည်တော် ဩဂုတ် ၂၀

ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မျိုးသန့်ခြံ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ၂၀၁၃ ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် သိပ္ပံနည်းကျ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ထွန်တုံးပိတ်အစီရင်ခံစာများကို ခရိုင်အုပ်ချုပ်ရေးမှူးများက ပေးအပ်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံပြီး ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် နိုင်ငံတော်သမ္မတ အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုနှင့် လက်မှတ်ရရှိသူများကို ထပ်ဆင့်ဂုဏ်ပြုဆုများနှင့် သိပ္ပံနည်းကျကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုဖလားနှင့်ဆုငွေများ ချီးမြှင့်ကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၃-၂၀၁၄ မိုးစပါး လျာထားချက် ၂၇၆၅၇၀၈ ဧကတွင် ယနေ့ထိစိုက်ပြီး ၂၅၉၀၆၈၈ ဧကဖြစ်ပြီး ၁၇၅၀၂၀ ဧကသာ စိုက်ရန်ကျန်ရှိသည်။

(သတင်းစဉ်)

✱သံတွဲမြို့မှ

ထို့ပြင် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင်လည်း ရေကြီးနစ်မြုပ်မှုဖြစ်နေကြောင်း သိရသည်။"ရွှေကျောင်းပြင်၊ ခြံပြင်၊ နတ်ပြင်ရွာတစ်လျှောက်မှာ ရေကြီးနေတယ်။ ပြီးတော့ ဒါးသွေးကျောက်၊ သမုတ်ချောင်းရွာတွေဘက်မှာလည်း ရေကြီးနေတယ်။ အံတော်ချောင်းဘေးက တရော်တောရွာမှာဆိုရင် ကမ်းပါးတွေ ပြိုကျတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

သံတွဲမြို့သည် မြန်မာနိုင်ငံ၏ မိုးရေချိန်အများဆုံးမြို့များတွင် ပါဝင်ပြီး ယခုရက်ပိုင်းတွင် သံတွဲနှင့် ရခိုင်ပြည်နယ် မြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။

ယခုနှစ်မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ မြန်မာနိုင်ငံအတွင်း မြို့နယ်များစွာ၌ ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး မြေပြိုမှုများနှင့် လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

(ပိုင်စိုး)

ဓာတ်ငွေ့ယိုစိမ့်မှု ဆောင်ရွက်ပြီးစီး

ရန်ကုန် ဩဂုတ် ၂၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရွာမခြောက်လက်မသဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် (၁)လမ်း၌ ဓာတ်ငွေ့

ယိုစိမ့်မှုကို ရွှေပြည်သာသဘာဝဓာတ်ငွေ့ထိန်းဖြန့်ဖြူးရေးမှ တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းလှိုင် ဦးဆောင်သော အဖွဲ့သည် ဩဂုတ် ၂ ရက်မှ စတင်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃ ရက် ညနေ ၄ နာရီတွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ကြောင်း သိရသည်။(ကြေးမုံ-ဩဂုတ် ၆)

ထိုသို့ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သော်လည်း ပြုပြင်ပြီး ၁၀ ရက်မြောက် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရွာမခြောက်လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း မရမ်းကုန်းမြို့နယ်(၁) ရပ်ကွက် (၁) လမ်း နေရာဟောင်း ဓာတ်ငွေ့များ ပြန်လည်ယိုစိမ့်ခြင်းဖြစ်ပြီး ပြုပြင်ပြီး ပြန်လည်ယိုစိမ့်နေသော ဓာတ်ငွေ့အား ပိုမိုများပြားလာ၍ ပြည်သူအချို့က အန္တရာယ်ဖြစ်လာမည် စိုးရိမ်သဖြင့် ဩဂုတ် ၁၈ ရက်က ရွှေပြည်သာ သဘာဝဓာတ်ငွေ့ထိန်း ဖြန့်ဖြူးရေးဌာနသို့ ဆက်သွယ်အကြောင်းကြားထားကြောင်း ဓာတ်ငွေ့ယိုစိမ့်ရာအနီးမှ ပြည်သူများထံမှ ကြားသိရသည်။

ထိုဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ရာ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် (၁)လမ်း နေရာသို့ ရွှေပြည်သာသဘာဝဓာတ်ငွေ့ထိန်း ဖြန့်ဖြူးရေးဌာန အင်ဂျင်နီယာအဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဒုတိယအကြိမ် ထပ်မံပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(ဝဲပုံ)

ထွန်းဝင်း

နေ့စဉ်ဝင်ငွေရရှိနိုင်သည့် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်

နေပြည်တော် ဩဂုတ် ၂၀

တောင်သူ လယ်သမားများအနေဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး စပါးများ မရောင်းရသေးမီကာလအတွင်း နေ့စဉ်စားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရရှိနိုင်သည့် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြဖို့လိုကြောင်း၊ ကြက်၊ ဝက်၊ ဘဲနှင့် နွားစသဖြင့် မွေးမြူပါက နေ့စဉ်ဝင်ငွေရရှိနိုင်သည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အပြန်အလှန်အကျိုးပြုနေသည့်အတွက် ဘက်စုံမွေးမြူရေးကို မဖြစ်မနေ တွဲဖက်လုပ်ဆောင်သင့်ကြောင်း၊ မိမိတို့နိုင်ငံ၌ ကျေးရွာပေါင်း ၆၇၀၀၀ ကျော်ရှိပြီး ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး မြှင့်တက်လာအောင် ပြည်တွင်းပြည်ပအကူအညီများရယူပြီး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် မွေးမြူရေးမှ မိသားစုဝင်ငွေ တိုးတက်ရရှိရေးအတွက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များအား ကျေးရွာအရောက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီးရှိ ဘုရားကြီး အဆင့်မြင့်မျိုးဘဲမွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည်။

ထို့နောက် ပဲခူးမြို့နယ် ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံသို့ သွားရောက်ပြီး မျိုးရင်းဝက်များ၊ DYL စပ်မျိုးဝက်များ၊ မျိုးဝက်သိုး၊ ဇီးဝက်မနှင့် သားခွဲဝက်ငယ်များ မွေးမြူထားရှိမှု၊ အစာစပ် စက်ရုံနှင့် အစာသိုလှောင်ရုံတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ခြံဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအများ သား/ငါးစားသုံးမှုဖူလုံလျှံလာစေရေး၊ ဈေးကွက်အတွင်း သား/ငါး ကျယ်ပြန့်စွာ ရောက်ရှိရေးအတွက် ဈေးကွက် သားခွဲဝက်ငယ်များ ဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း မွေးမြူရေးခြံများအနေဖြင့် မျိုးရင်းစစ် မျိုးဝက်များနှင့် မျိုးဝက်သိုးများကို ရွေးချယ်ထိန်းသိမ်းမွေးမြူပြီး ကျေးလက်ဒေသများသို့ ဖြန့်ဖြူးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ မိသားစုဝင်ငွေ တိုးပွားလာပြီး ဈေးကွက် ဖော်ဆောင်လာနိုင်မှာဖြစ်သည်ဟု မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် – ဒလကြိုးတံတားအတွက် ကွင်းဆင်းတိုင်းတာ

ဒလ ဩဂုတ် ၂၀

ရန်ကုန် - ဒလ ကြိုးတံတား Topographical map အတွက် တိုင်းတာမှုများ ပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၁၇ ရက် နံနက်က ဒလမြို့ ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် မှန်ပြောင်းဖြင့် ကြည့်၍ ကွင်းဆင်းတိုင်းတာနေကြသော တော့ပ်ကုမ္ပဏီမှ Survey တာဝန်ခံ Chift Surveyor ဦးသန်းလွင်က ပြောကြားခဲ့သည်။

“ကျွန်တော်တို့က တံတားကိစ္စ Topographical map အတွက် အခုလို မှန်ပြောင်းနဲ့ မြေပြင်အနေအထားကို ကွင်းဆင်းတိုင်းတာနေတာပါ။ ဒီလိုတိုင်းတာချက်တွေနဲ့ပဲ တံတားဒီဇိုင်းကို ထုတ်မယ်။ အဲဒီအပေါ်မူတည်ပြီး တံတားဆောက်လုပ်ဖို့ စဉ်းစားရမယ်” ဟု Chift Surveyor ဦးသန်းလွင်က မှန်ပြောင်းဖြင့် တိုင်းတာရင်း ပြောပြခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-သန်းငွေး(ဒလ)

◆ကျောက်ဖုံးမှ

အဆိုပါ အဖွဲ့အစည်းများသည် ADB ၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆောင်ရွက်သော စီမံချက်ကြောင့် အကျိုးသက်ရောက်သူများ၏ ပံ့ပိုးချက်ကို ဖော်ပြသည့်အပြင် စီမံချက်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းလုပ်ငန်းများတွင်လည်း ကူညီပေးကြသည်။

ADB ၏ ထောက်ပံ့ပေးမှုသည် အဓိကမိတ်ဖက်အဖွဲ့အစည်းများအား သတ်မှတ်နိုင်ရန်၊ ADB မှ ပံ့ပိုးသော လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန်နှင့် လိုအပ်သော ကျွမ်းကျင်မှုများရရှိနိုင်ရန်တို့အတွက်ဖြစ်သည်။ ထို့ပြင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ အခက်အခဲများဖြေရှင်းရန် ဖြစ်နိုင်ခြေများအတွက် နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ အတူတကွဆွေးနွေးနိုင်ရန်အတွက်လည်း ဖြစ်သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံသည် စီးပွားရေးနှင့်လူမှုရေးပြောင်းလဲမှုများ ဆက်တိုက်ဆောင်ရွက်ခဲ့သောကြောင့် ကမ္ဘာလှည့်ခရီးသည်များ အစုလိုက်အပြုံလိုက် ဝင်ရောက်လာခြင်းအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဥပဒေအား ပြင်ဆင်မွမ်းမံနိုင်ရန်နှင့် မူလတန်းလွန် ပညာရေးကို အကဲဖြတ်ရန်တို့အတွက် ADBမှ နည်းပညာအထောက်အကူ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းကျော် ပံ့ပိုးခဲ့သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ပို့ဆောင်ရေးနှင့် စွမ်းအင်အပါအဝင် ကဏ္ဍအလိုက် သီးသန့်အကဲဖြတ်မှုများအတွက် အသေးစိတ်လေ့လာမှုများ ဆောင်ရွက်ခဲ့သည်။

ADB ၏ စီမံကိန်းများသည် စီးပွားရေးဖွံ့ဖြိုးစေရန်နှင့် ကျေးလက်နှင့် မြို့ပြတိုးတက်မှု ကွာဟချက်နည်းစေရန် ပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရသည်။ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန်အတွက်လည်း ဆောင်ရွက်မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အခြေစိုက်သော အာရှဖွံ့ဖြိုးရေးဘဏ် (ADB)သည် ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒေသ (၄၈) ခုမှ အဖွဲ့ဝင် (၆၇)နိုင်ငံရှိကာ အာရှပစိဖိတ်ဒေသတွင်း စီးပွားရေးတိုးတက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုးမှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(စံကားဝါ)

ပြည်တွင်းရေးရာ

အာဆီယံစံသတ်မှတ်ချက်နှင့် ကိုက်ညီသည့်ကျွမ်းကျင်လုပ်သားများ လိုအပ်

နေပြည်တော် ဩဂုတ် ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ သွားရောက်ရာ ကျောင်းအုပ်ကြီးက သင်တန်းဝင်ခွင့် သတ်မှတ်ချက်နှင့် ဘာသာရပ်အလိုက် သင်ကြားပို့ချပေးမှုများနှင့် ဂျာမန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (GIZ) မှ Development Advisor Mr. Erich Lochow က စက်မှုသင်တန်းကျောင်း(ဆင်တဲ) အဆင့်မြှင့်တင်ရေး စက်ပစ္စည်းဆိုင်ရာ အထောက်အပံ့များ၊ သင်ကြားရေး နည်းစနစ်သစ်များ ပို့ချနိုင်ရေးအတွက် GIZ မှထောက်ပံ့ပေးရေးတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ်၌ ASEAN Free Trade Area (AFTA) ကို အကောင်အထည်ဖော်တော့မည်ဖြစ်၍ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု၊ စီးပွားဆက်သွယ်မှုများ လွတ်လပ်ကျယ်ပြန့်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံစံသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်လုပ်သားများ မဖြစ်မနေ လိုအပ်လာမည်ဖြစ်၍ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြင်ဆင်ထားရမှာဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံမှ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပြီး သို့မဟုတ်ပါက အာဆီယံ ကျွမ်းကျင်လုပ်သားများက လွှမ်းမိုးသွားနိုင်ကြောင်း၊ အခကြေးငွေမယူဘဲ ဘဝတစ်သက်တာ အကျိုးရှိစေသော အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို စက်မှုသင်တန်းကျောင်းများက သင်ကြားပေးနေခြင်းဖြစ်၍ ပြည်သူဗဟိုပြု ဆောင်ရွက်ခြင်းဟု မှတ်ယူနိုင်ကြောင်း၊ အတတ်ပညာများ သင်ကြားပေးရုံမျှမက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက်ပါ စီမံပေးနေခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)သို့ သွားရောက်၍ စက်ရုံမှ ထုတ်ကုန်များသည် လက်ရာသေသပ်၍ အရည်အသွေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် ဈေးကွက်က လိုအပ်ချက်များကို အပြည့်အဝထုတ်လုပ်ပေးနိုင်ရေး ကြိုးစားကြရမှာဖြစ်ကြောင်း၊ ၁၉၆၅ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့သည့် အစဉ်အလာကြီးမားခဲ့သည့် စက်ရုံကြီးဖြစ်သော်လည်း ယနေ့ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ တိုးတက်ရေးနည်းလမ်းများ ရှာကြံကြိုးစားကြရမှာဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ဝန်ထမ်းများ အလိုက်သင့်လိုက်ပါပြောင်းလဲရန် လိုအပ်ကြောင်း ပြောကြားပြီး သံရည်ကျိုအလုပ်ရုံ၊ လယ်ယာသုံးပစ္စည်း အစိတ်အပိုင်းထုတ်လုပ်ရေးအလုပ်ရုံ၊ မီးရထားတွဲ ထုတ်လုပ်ရေးအလုပ်ရုံ၊ သံဂဟေချောင်းအလုပ်ရုံ၊ တပ်ဆင်ရေး(၁) အလုပ်ရုံ၊ Myanmar Double Cab ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ရေးအလုပ်ရုံတို့၏ ထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်စစ်ဆေးသည်။**(အပေါ်ယာပုံ)**

အဆိုပါ စက်ရုံမှ ရေစုပ်စက်များ၊ လက်တွန်းလယ်ထွန်စက်များ၊ ထယ်များ၊ ထွန်များ၊ ထော်လာဂျီများ၊ နောက်တွဲယာဉ်များ၊ သံဂဟေချောင်းများ၊ ပေါက်ပြား၊ ဂေါ်ပြား၊ လယ်ယာသုံးကိရိယာများ၊ Casting & Forging Parts များ၊ Myanmar Double Cab မော်တော်ယာဉ် အစိတ်အပိုင်းများနှင့် မြန်မာ့မီးရထားအတွက် ကုန်တင်တွဲများကို ထုတ်လုပ်လျက်ရှိသည်။

ယင်းနောက် ရွှေတောင်မြို့နယ်ရှိ အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)သို့ သွားရောက်ရာ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရုံသာမက ရောင်းချဖြန့်ဖြူးရေးအတွက် စဉ်းစားပြီးထုတ်လုပ်မှုနှင့် ရောင်းချမှုဟန်ချက်ညီရန် လိုအပ်ကြောင်း၊ ဈေးကွက်က တောင်းဆိုမှုရှိသည့် အဆင်ဒီဇိုင်းများကို Quality ကောင်းကောင်းဖြင့် ထုတ်လုပ်ပြီး Marketing ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ကျန်များကိုလည်း အမြန်ဆုံး ရောင်းချနိုင်ရေး အစီအမံများ ရေးဆွဲဆောင်ရွက်သွားပြီး စက်ရုံကုန်ထုတ်လုပ်မှုတိုးတက်ရေး တာဝန်ရှိသူဝန်ထမ်းများ အားလုံးညှိနှိုင်းတိုင်ပင်၍ လိုအပ်ချက်များကို တင်ပြရန် မှာကြားကာ စက်ရုံအတွင်း စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ် တောနက်ထဲက တာဇံနှစ်ဦး

အောဝမ်းစိုး

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ဗီယက်နမ်စစ်ပွဲကာလအတွင်း ဟိုဗန်ထန်သည် ၎င်း၏ သားငယ် ဟိုဗန်လျန်နှင့်အတူ တောနက်ထဲသို့ပြေးဝင်သွားခဲ့ရာ ထိုအချိန်မှစ၍ ၎င်းတို့နှစ်ဦး ပျောက်ဆုံးသွားခဲ့ပြီး မကြာသေးမီရက်များအတွင်းက ရွာသားနှစ်ဦးသည် ဗီယက်နမ်နိုင်ငံ Quang Ngai ပြည်နယ် တောနက်ထဲမှ ၎င်းတို့နှစ်ဦး၏ ဝါးတဲလေးကို အမှတ်မထင် တွေ့ရှိရာမှ ပြန်လည်တွေ့ရှိခဲ့ရသည်။

၁၉၇၃ ခုနှစ်က တောနက်ထဲတွင် ပျောက်ဆုံးသွားခဲ့ပြီးနောက် ဟိုဗန်ထန်ကို နှစ်ပေါင်း ၄၀ လုံးလုံးအသက်ရှင်နေလိမ့်မည်ဟု မည်သူမျှထင်မထားခဲ့ပေ။ အမေရိကန်နှင့်ဖြစ်ပွားသည့် စစ်ပွဲအတွင်း ၎င်း၏နေအိမ်တွင်ဗုံးတစ်လုံးပေါက်ကွဲရာ ဇနီးနှင့် အခြားသားသမီးများ သေဆုံးသွားခဲ့ပြီး ဟိုဗန်ထန်သည် (၂)နှစ်အရွယ်သားငယ်တစ်ဦးကို ဆွဲကာ တောထဲသို့ပြေးဝင်သွားခဲ့သည်ဟု မျက်မြင်တွေ့ရှိလိုက်သူများက ပြောကြားသည်။ မကြာသေးမီကတေထရာ ခရိုင်မှ ရွာသားနှစ်ဦး တောနက်ထဲသို့ ထင်းခွေရန် စွန့်စားသွားရောက်ခဲ့ရာမှ စမ်းချောင်းတစ်ခုဘေးတွင် ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသောဝါးတဲလေးကို သတိပြုမိခဲ့ပြီး စူးစမ်းလိုသဖြင့် သွားရောက်ကြည့်ရှုရာ လူနှစ်ဦးနေထိုင်သည်ကိုတွေ့ရှိခဲ့ရသည်။ အသက် (၈၂)နှစ်ရှိ အားအင်ချည့်နဲ့နေသော အဘိုးအိုက ကော်လူမျိုးစု ဘာသာစကားဖြင့် ပြန်လည်ပြောကြားသော်လည်း သစ်ရွက်များဖြင့် အရှက်လုံရုံဖုံးအုပ်ထားသော အသက်(၄၁)နှစ်ရှိ လူရွယ်က စကားအနည်းငယ်သာ ပြောကြားသည်။

ရွာသားများက တာဝန်ရှိသူများကို အကြောင်းကြားခဲ့ပြီးနောက် အဆိုပါ တောတွင်းသားနှစ်ဦးမှာ ဟိုဗန်ထန်နှင့် ဟိုဗန်လျန်တို့ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ထန်နင်သတင်းစာ၏ အဆိုအရ ဟိုဗန်ထရီမှာ အဘိုးအို ဟိုဗန်ထန်၏ အငယ်ဆုံးသားဖြစ်ကြောင်း ၁၉၇၃ခုနှစ်က ကြမ္မာဆိုးတွင် ဆွေမျိုးများက ကယ်တင်ထားခဲ့ရသူဖြစ်ပြီး လွန်ခဲ့သည့်နှစ် ၂၀ က ၎င်း၏ ဖခင်နှင့် အစ်ကိုတို့ကို ပထမဆုံးအကြိမ်တွေ့ရှိခဲ့သော်လည်း အိမ်သို့လာရောက်နေထိုင်ရန် ဆွဲဆောင်စည်းရုံးနိုင်ခြင်းမရှိခဲ့ပေ။

ဟိုဗန်ထရီ၏ စားနပ်ရိက္ခာထောက်ပံ့မှုကို လက်မခံခဲ့သလို အခြားရွာသားများနှင့်အတူ စည်းရုံးသိမ်းသွင်းရန်ကြိုးစားသည့်အခါတိုင်း တောထဲသို့သာ ထွက်ပြေး ပုန်းအောင်းနေခဲ့ကြသည်။ ၎င်းတို့၏ နေ့စဉ် စားသောက်မှုမှာ ပီလောပီနံ၊ ပြောင်းနှင့် သစ်သီးသစ်ရွက်များဖြစ်သော်လည်း တဲအနီးတွင် တစ်ဖက်တာမျှရှိသော ကြံစိုက်ခင်းတစ်ခုကိုလည်း တွေ့ရှိခဲ့ရသည်ဟု ရွာသားများက ပြောကြားသည်။ တကယ့် တောတွင်းသားတာဇံနှစ်ဦးမှာ တောလိုက်ရန် ကိုယ်ပိုင်ဓားများ၊ ပုဆိန်နှင့် မြားများလည်းပြုလုပ်ထားကြသည်။

တောတွင်းသားတာဇံနှစ်ဦးမှာ ပြင်ပကမ္ဘာကြီးနှင့် နှစ်ပေါင်း ၄၀ ကင်းကွာနေခဲ့ပြီး ၎င်းတို့၏ အဓိကဘာသာစကားဖြစ်သည့် ကင်ဘာသာစကားကိုပင် နှစ်ဦးစလုံး မေ့ပျောက်နေပြီဖြစ်သည်။ ၎င်းတို့နှစ်ဦး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့လာစေရန် တဖြည်းဖြည်း စည်းရုံးသိမ်းသွင်းရန် ကြိုးစားရဦးမည်ဖြစ်သည်။

ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပေးဆွေးနွေး ဗဟိုအဆင့်အသိပေးဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF တို့ပူးပေါင်း၍ Young People and SRH; (MYA / 12 / A1)ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာ ဗဟိုအဆင့်အသိပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်သဇင်နွယ်က ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပေး ဆွေးနွေးခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး (ညောင်ဦး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ အမရပူရ၊ ကျောက်ဆည်မြို့နယ်)နှင့် မကွေးတိုင်းဒေသကြီး(ချောက်မြို့နယ်)တို့မှ သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၂၃ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လောင်စာဆီတင်ယာဉ်နှင့် ကုန်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက်မိ

ပဲခူး ဩဂုတ် ၂၀

ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီခွဲက ပဲခူးမြို့အနီး ရန်ကုန်-မန္တလေး ကားလမ်း ကလိကျေးရွာ ဂွတ်ဘရားသား စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် ဘုရားကြီးစံပြကျေးရွာဘက်မှ ပဲခူးမြို့ဘက်သို့ ယာဉ်မောင်း ထွန်းထွန်းဦး (၄၅)နှစ် အရှေ့ဒဂုံ (၁၃၃) ရပ်ကွက် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသော လောင်စာတင်ယာဉ် ၉က/--- သည် တစ်ဖက်ယာဉ်ကြောအတိုင်း မောင်းနှင်လာသော NISSAN (၁၀) ဘီးယာဉ် ၃ခ/---၏ ဦးခေါင်းပိုင်း ဘယ်ဘက် ခြမ်းကို အရှိန်ပြင်းစွာ ဝင်တိုက်မိ ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူ သုံးဦးဒဏ်ရာရရှိ (မစိုးရိမ်ရ) သွားသဖြင့် ပဲခူးဆေးရုံသို့ ပို့ ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ ထွန်းထွန်းဦးအား ဥပဒေအရ အရေးယူပေးပါရန် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် စန်းယုက မြို့မရဲစခန်းသို့ တိုင်တန်းသောကြောင့် ရဲစခန်းမှ (ပ) ယာဉ် ၃၂/ ၂၀၁၃ ပြစ်မှု ပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နေထက်ဝင်း**



နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများ၊ ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ

နေပြည်တော် ဩဂုတ် ၂၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက် ပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိသမြောက်ပိုင်းက ဝင်ရောက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေ ဌာနမှ သတင်းထုတ်ပြန်ထားသည်။

မွေးမြူရေး၊ ရေလုပ်ငန် ကျေးလက်ဒေသဖွံ့ဖြိုးရေး

နေပြည်တော် ဩဂုတ် ၂၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဩဂုတ် ၁၉ ရ ဒေသကြီး ထီးချိုင့်မြို့၌ကျင်းပသည့် မြို့နယ်အဆင့် မွေး လုပ်သား သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ငါးသားပေါက်စခန်းမှ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေနေသတ္တဝါများ မျိုး တားဆီးရေး၊ တရားမဝင်ငါးဖမ်းဆီးမှုများအား မပြု ရောင်းဝယ်မှုများအား စုပေါင်းကာကွယ်တားဆီးရေ ထုတ်လုပ်မှု တိုးတက်စေရေးကိစ္စများကို ဆွေးနွေး သိရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစ

၂၁-၈-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရပ် ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၉း၂၅ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင်း၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၁၀း၁၅ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(တွဲဖက်အကျိုးတော်ဆောင်) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ရွှေစေတီပရိယတ္တိစာသင်တိုက်၊ ပဓာနနာ ဘဒ္ဒန္တဓမ္မ ဂန္ထဝါစက သဒ္ဓမ္မဇော တော်မူအ “မေတ္တာပြ တရားတေ
၁၂း၂၅ ဖြူ/မည်း (ဖိုးပါကြီး၊ မေချစ်) (ဒါရိုက်တ
၅း၁၅ သီတဂူဆ ဘဒ္ဒန္တဉာ တရားတေ
၈း၀၀ ပြည်တွင်း -နိုင်ငံတ -မိုးလေဝ
၈း၃၅ ပြည်သူတို့

ကြည့်မြင်တိုင်စာတိုက်ရှေ့ရှိ ကု တစ်ခြမ်းပဲ့ကျ၊ ကားတစ်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့န ဗိုလ်သူရလမ်းနှင့် ဗားကရာလမ်းထောင့် ကြည့်မြ ကုက္ကိုပင်ကြီးမှာ အိုမင်းရင့်ရော်ပြီး မိုးဒဏ်လေဒဏ် ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က ပင်စည်တစ်ခြ လမ်းမှ ဗားကရာလမ်းဘက်သို့ထွက်လာသော အဝါ အား သစ်ကိုင်းအလယ်ဖျားဖြင့် ပိမိနေကြောင်း သိရ

ယင်းကားပေါ်၌ပါလာသော ဖခင်ဖြစ်သူ အမ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး (၁၁)နှစ်အရွယ် သမီးငယ ကောက်ဝတ်တွင်ဒဏ်ရာရရှိခဲ့ကာ တာဝန်ရှိသူများက ဆောင်ပေးခဲ့ကြောင်း၊ မြို့နယ်အတွင်းမှ သက်ဆို လာရောက်ကြပြီး မီးသတ်တပ်ဖွဲ့နှင့် လျှပ်စစ်စွမ်းအင် သစ်ကိုင်းများအား အချိန်မီရှင်းလင်းပေးခဲ့ကြောင်း၊ ပြိုလဲကျခဲ့ကြောင်း၊ သေကျေဆုံးရှုံးမှုမရှိကြောင်း သိရ

လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံသို့ ဝင်ရောက်

နေပြည်တော် ဩဂုတ် ၂၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿမြောက်ပိုင်းကမ်းခြေသို့ ရွေ့လျားဝင်ရောက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (မိုးလေဝသ)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဩဂုတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ကျင်းပသည့် မြို့နယ်အဆင့် မွေးမြူရေးနှင့်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားပြီး ထီးချိုင့်ငါးသားပေါက်စခန်းမှ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေနေသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မှုမှ တားဆီးရေး၊ တရားမဝင်ငါးဖမ်းဆီးမှုများအား မပြုလုပ်ရေး၊ နွားမှောင်ခိုရောင်းဝယ်မှုများအား စုပေါင်းကာကွယ်တားဆီးရေး၊ အင်းများမှ ကုန်ထုတ်လုပ်မှု တိုးတက်စေရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၈-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၁၅	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၉:၂၅	ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင်း၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၁၀:၁၅	နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(တွဲဖက်အကျိုးတော်ဆောင်) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ရွှေစေတီပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဟောကြားတော်မူအပ်သော "မေတ္တာဖြဟ္မစိုရ်" တရားတော်
၁၂:၂၅	ဖျ/မည်းရုပ်ရှင် "တွေးရခက်ကြီး" (ဖိုးပါကြီး၊ မြင့်အောင်၊ မေလွင်၊ မေချစ်) (ဒါရိုက်တာ-အောင်မြတ်)
၅:၁၅	သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏မေတ္တာသုတ္တန်တရားတော်
၈:၀၀	ပြည်တွင်းသတင်း၊ -နိုင်ငံတကာသတင်း၊ -မိုးလေဝသသတင်း
၈:၃၅	ပြည်သူတို့ရဲ့စကားသံ

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနား ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနားသည် ယနေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံသည်။

မစ္စတာ ကင်တားနားသည် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဦးဝဏ္ဏမောင်လွင်(ယာပုံ)တို့နှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် ကျေးလက်ဒေသများတွင် အမျိုးသားကျန်းမာရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရွှေ့လျားပြည်သူများ (IDPs)နှင့် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီစေရေးအတွက် ရခိုင်ပြည်နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ အခမ့်ခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိမှုနှင့် ပြည်ပသို့ အလုပ်သမား စေလွှတ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ မိသားစုများအား လူသားချင်း စာနာထောက်ထားသော အကူအညီများ ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

နည်းပြဆရာများ၏သင်ကြားမှုကို ဂရုစိုက်လေ့ကျင့်

နေပြည်တော် ဩဂုတ် ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရက်ပေါင်း ၁၁၃ ရက်သာ ကျန်ရှိတော့သဖြင့် အားကစားသမားများအနေဖြင့် နည်းပြဆရာများ၏ လမ်းညွှန်သင်ကြားပြသမှုများကို အစဉ်ဂရုစိုက် လိုက်နာလေ့ကျင့်သွားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာအားကစားနည်းတိုင်းတွင် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ရန် လိုအပ်ကြောင်း၊ ယခုလက်ရှိစွမ်းဆောင်နိုင်သော စံချိန်ကောင်းများကို ဆက်လက်ထိန်းပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သလို ပြည်သူအများ ပျော်ရွှင်ကြည်နူး ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်မှာ မြေကြီးလက်ခတ်မလွဲကြောင်း၊ နိုင်ငံတော်အကြီးအကဲများမှလည်း ရွှေတံဆိပ်ဆုများရရှိအောင် စွမ်းဆောင်ပေးကြသော အားကစားသမားများ၊ နည်းပြဆရာများကို ထိုက်တန်သော ချီးမြှင့်မြောက်စားမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Training Center-2) သို့ရောက်ရှိပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက် ရှိသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် တာဝန်ခံများ၊ နည်းပြဆရာများအား မှာကြားခဲ့ကြောင်း သိရသည်။ (မောင်မောင်ဇော်)

အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ဩစတြေးလျနှင့် ဗီယက်နမ်တို့နိုင်

နေပြည်တော် ဩဂုတ် ၂၀

၂၀၁၃ အာဆီယံချန်ပီယံရှစ် ယူ-၁၆ ဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ စတင်ကျင်းပသည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ပွဲမစမီ နှစ်ဖက်အသင်းအား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က လိုက်လံနှုတ်ဆက်သည်။

ဗီယက်နမ် - လေးဂိုး

မြန်မာ - ဂိုးမရှိ

မြန်မာယူ-၁၆အသင်းမှာ အိမ်ကွင်း၌ ပွဲဦးထွက်ရှုံးပွဲကြုံတွေ့ပြီး ဆီမီးဖိုင်နယ်သို့တက်ရောက်ရန် အခွင့်အရေး နည်းပါးသွားပြီဖြစ်သည်။ ဗီယက်နမ်အသင်းမှာ မြန်မာအသင်း၏ အားနည်းချက်များကို အခွင့်ကောင်းယူကာ အနိုင်ဂိုးများ

မြန်မာနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်နေကြစဉ်။

သွင်းခဲ့ပြီး ၂၈ မိနစ်နှင့် ၄၇ မိနစ်တွင် ဟောင်ဟန်၊ ၃ မိနစ်တွင် ဖန်သယောင်ဟွာတို့က သွင်းယူခဲ့သည်။ ဗီယက်နမ်အတွက် စတုတ္ထဂိုးကို ၈၉ မိနစ်တွင် သွင်းယူပေးခဲ့သည်။

ပထမပွဲစဉ်တွင် ဩစတြေးလျအသင်းက ကမ္ဘောဒီးယားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ(ဝဏ္ဏသိဒ္ဓိကွင်း)

ညနေ ၄ နာရီ
အင်ဒိုနီးရှား - လာအို

ညနေ ၆:၄၅ နာရီ
ဖိလစ်ပိုင် - မလေးရှား

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ကြည့်မြင်တိုင်စာတိုက်ရှေ့ရှိ ကုက္ကိုပင်ကြီး တစ်ခြမ်းပဲ့ကျ၊ ကားတစ်စီးပိမိ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ဗိုလ်သူရလမ်းနှင့် ဗားကရာလမ်းထောင့် ကြည့်မြင်တိုင်စာတိုက်ရှေ့ရှိ ကုက္ကိုပင်ကြီးမှာ အိုမင်းရင့်ရော်ပြီး မိုးဒဏ်လေဒဏ်ကြောင့် ဩဂုတ် ၂၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က ပင်စည်တစ်ခြမ်းပဲ့ကျပြီး ဗိုလ်သူရလမ်းမှ ဗားကရာလမ်းဘက်သို့ထွက်လာသော အဝါရောင်ကား ၃ယ/--- အား သစ်ကိုင်းအလယ်ဖျားဖြင့် ပိမိနေကြောင်း သိရသည်။

ယင်းကားပေါ်၌ပါလာသော ဖခင်ဖြစ်သူ အမျိုးသား (၄၉)နှစ်မှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး (၁၁)နှစ်အရွယ် သမီးငယ်မှာ ညာဘက်လက်ကောက်ဝတ်တွင်ဒဏ်ရာရရှိခဲ့ကာ တာဝန်ရှိသူများက ဆေးရုံသို့အချိန်မီပို့ဆောင်ပေးခဲ့ကြောင်း၊ မြို့နယ်အတွင်းမှ သက်ဆိုင်ရာတာဝန်ရှိသူများလာရောက်ကြပြီး မီးသတ်တပ်ဖွဲ့နှင့် လျှပ်စစ်စွမ်းအင်ဌာနတို့မှ လမ်းပေါ်ရှိ သစ်ကိုင်းများအား အချိန်မီရှင်းလင်းပေးခဲ့ကြောင်း၊ ဓာတ်တိုင် ခြောက်တိုင် ပြိုလဲကျခဲ့ကြောင်း၊ သေကျေဆုံးရှုံးမှုမရှိကြောင်း သိရသည်။ (ရွှေတိုင်လွင်)

ဘားအံမြို့၊ မူဆယ်မြို့နှင့် ကလောမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၀

ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ဘားအံ(မူးယစ်)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် သာမညကျေးရွာအုပ်စု သာယာကုန်းကျေးရွာနေ အေးနိုင်(ခ) စောဘီလူး (ခ) ဗေလုဝ (၄၅)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ အေးနိုင် (ခ) စောဘီလူး(ခ)ဗေလုဝပါ ၁၁ ဦးတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁ ပြား တန်ဖိုးငွေကျပ် ၆ ဒသမ ၆၈၅ သိန်း၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ ကာဘိုင်ကျည်ငါးတောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့အား သိမ်းဆည်းရမိသဖြင့် အိန္ဒူနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားသည်။

အလားတူ ထိုနေ့မွန်းလွဲပိုင်းတွင် မူဆယ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ နမ့်ကတ်ကျေးရွာအုပ်စု မိုင်းဆပ်ကျေးရွာနေ မအေးစော (၃၈)နှစ်၏ နေအိမ်မီးဖိုခန်းထောင့်ရှိ ကလေးစီးဖိနပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀ တန်ဖိုးငွေကျပ်ခုနစ်သိန်းတို့အား သိမ်းဆည်းရမိသဖြင့် မူဆယ်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားသည်။

ဩဂုတ် ၁၉ ရက် ညပိုင်းတွင် တောင်ကြီး(မူးယစ်)မှ တပ်ဖွဲ့ဝင်များနှင့် ကလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရန်ကြီးအောင် ခရီးသည်တင်ယာဉ် ၅ယ/--- အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဟိုပုံးမြို့နယ် တုန်ခမ်းရပ်ကွက်နေ ခွန်မောင်ချို (၃၅)နှစ်၏ အကျီအိတ်အတွင်းမှ ဘိန်းစိမ်း ၅ ဂရမ်၊ ယာဉ်၏ ဝမ်းဗိုက်အတွင်း နန္ဒင်းတက်အိတ်တွင် သိုဝှက်ထားသော ကျွဲရိုင်းသံဘူးအတွင်းမှ ဘိန်းစိမ်း ဂရမ် ၂၀၀ စုစုပေါင်း ဘိန်းစိမ်း ၂၀၅ ဂရမ် တန်ဖိုးငွေကျပ် ၁ ဒသမ ၃၃၂၅ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ တန်ဖိုးငွေကျပ် ၁၀၄ သိန်းတို့အား သိမ်းဆည်းရမိသဖြင့် ကလောမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (အောက်ပုံ)

(သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ကြော်ငြာဌာနခွဲ

စာပေချစ်မြတ်နိုးသူများ အလွယ်တကူဝယ်ယူမှု အဆင်ပြေစေရန်အတွက် **သိမ်ဖြူလမ်းမှ အမှတ် ၁၇၃/ ၁၇၅ ပန်းဆိုးတန်းလမ်း(လယ်)** သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်ပိတ်ရက်မရှိ နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ဖွင့်လှစ်ထားရှိပါသည်။

ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ အထွေထွေဗဟုသုတ၊ အတ္ထုပ္ပတ္တိ၊ ဥပဒေ၊ အင်္ဂလိပ်စကားပြော၊ အဘိဓာန်၊ ကလေးများအတွက် ပုံပြင်၊ အင်္ဂလိပ်ပုံပြအဘိဓာန်၊ ကွန်ပျူတာ၊ ရာဇဝင်များ၊ မြန်မာ့စွယ်စုံကျမ်းနှင့် နှစ်ချုပ်များ၊ အခြားသော ဗဟုသုတရဖွယ်နှင့် ဖတ်ကောင်းဖွယ်စာအုပ်များကို လွတ်လပ်စွာဝယ်ယူနိုင်ပါသည်။

မြန်မာ့အလင်း၊ ကြေးမုံ၊ The New Light of Myanmar သတင်းစာများအတွက် ကြော်ငြာများကိုလည်း နေ့စဉ်ပိတ်ရက်မရှိ ပြည်သူ့စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ကြော်ငြာဌာန ဖုန်း - ၀၁-၂၄၈၁၀၀၊ ၂၄၃၅၂၄
Fax - ၂၄၂၂၄၇
စာအုပ်ဆိုင် ဖုန်း - ၂၄၈၁၀၂

စာပေဆည်းပူးခြင်းဖြင့် ဗဟုသုတသိမ်းပါ
ကြော်ငြာခြင်းဖြင့် အောင်မြင်မှုကို ရယူပါ။

စာအုပ်စာပေ လူ့မိတ်ဆွေ

တိုင်းဒေသကြီးအဆင့် လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၀

တိုင်းဒေသကြီးအဆင့် လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာစီမံကိန်းများသည် ချန်လှပ်ထား၍မရနိုင်သည့် အရေးပါသော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အချို့ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲအိမ်နီးချင်းနိုင်ငံများ၏ ဖြစ်ရပ်များကို လေ့လာကြည့်ပါက စက်မှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ကြပြီး လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို သတိမမူချန်လှပ်ခဲ့ကြ၍ အလုံးစုံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေကာ လူမှုရေးဆိုင်ရာ ပြဿနာများကို လက်ရှိကြုံတွေ့ခံစားနေရသည်ကို တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် အရှိန်အဟုန်ပြင်းစွာဖြင့် ဖြစ်ထွန်းပြောင်းလဲနေသော မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်မှုသည် တန်းတူညီမျှသော လူမှုဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်စေရန်အတွက် လူမှုစီးပွားရေးဆိုင်ရာ တွေ့ကြုံရမည့်စိန်ခေါ်မှုများ ပြည်သူလူထု၏ ထိခိုက်လွယ်မှုဘေးအန္တရာယ်များကို အများဆုံးလျှော့ချနိုင်ရန် စီစဉ်ရေးဆွဲထားသည့် မူဝါဒစီမံကိန်းအစီအစဉ်များဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများ ကျင်းပမည်

၁။ ၂၀၁၃ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်-

(က) ပထမအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်းပို့ချမည့်ရက်	စာမေးပွဲကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်	သိပ္ပံအထူးပြုအားလုံး		၃-၁၀-၂၀၁၃ မှ ၉-၁၀-၂၀၁၃ ထိ

(ခ) ဒုတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်းပို့ချမည့်ရက်	စာမေးပွဲကျင်းပမည့်ရက်
၁။	ပထမနှစ်၊ဒုတိယနှစ်၊ တတိယနှစ်၊	အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ	၁၂-၁၀-၂၀၁၃ မှ ၂၂-၁၀-၂၀၁၃ထိ	၂၅-၁၀-၂၀၁၃ မှ ၁-၁၁-၂၀၁၃ ထိ
၂။	စတုတ္ထနှစ်	ဥပဒေပညာ	၁၂-၁၀-၂၀၁၃ မှ ၂၂-၁၀-၂၀၁၃ ထိ	၂၅-၁၀-၂၀၁၃မှ ၁-၁၁-၂၀၁၃ ထိ

(ဂ) တတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်းပို့ချမည့်ရက်	စာမေးပွဲကျင်းပမည့်ရက်
၁။	ပထမနှစ်၊ဒုတိယနှစ်၊ တတိယနှစ်	မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ	၆-၁၁-၂၀၁၃ မှ ၁၅-၁၁-၂၀၁၃ထိ	၁၈-၁၁-၂၀၁၃ မှ ၂၅-၁၁-၂၀၁၃ ထိ

၂။ အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌ လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၊
မန္တလေးအဝေးသင်တက္ကသိုလ်

အမေရိကန်-မြန်မာချစ်ကြည်ရေး တောင်တက်ခရီးစဉ်

အမေရိကန်-မြန်မာချစ်ကြည်ရေး တောင်တက်ခရီးအဖြစ် မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွင်ရှိသော ဂမ်လမ်ရာဇီတောင်သို့ တက်ရောက်ရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်ကို အသွား/အပြန် ၄၂ ရက်ကြာမြင့်မည်ဟုခန့်မှန်းထားပြီး ဩဂုတ် ၁၅ ရက်မှ ခရီးစဉ်စတင်ထွက်ခွာခဲ့ခြင်းဖြစ်သကဲ့သို့ ခရီးစဉ်တွင် မြန်မာနှစ်ဦး၊ အမေရိကန် ငါးဦး ပါဝင်ကြောင်း၊ ခရီးစဉ်တွင် ဒေသခံကျေးရွာများနှင့် လက်တွဲ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆောင်ရွက်မှုများ၊ ရေအရင်းအမြစ်သဘာဝသယံဇာတများအပေါ် ချစ်ခင်ထိန်းသိမ်းစောင့်ရှောက်တတ်ရန် ပညာပေးခြင်းများပါဝင်မည်ဟု သိရသည်။

"ဒီခရီးစဉ်က တော်တော်လေးကို ခက်ခဲကြမ်းတမ်းတဲ့ ခရီးစဉ်တစ်ခုလည်း ဖြစ်ပါတယ်၊ တောင်ရဲ့အမြင့်ပေ သတ်မှတ်ချက်ကို အခုတိတိကျကျ မှတ်တမ်းတင်နိုင်မှာလည်း ဖြစ်ပြီး သမိုင်းမှတ်တမ်းသစ်ရေးထိုးနိုင်မယ့် ခရီးစဉ်ပါပဲ"ဟု မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ တောင်တက်အားကစားဝါသနာရှင်တစ်ဦးက ဆိုသည်။

ထိုဂမ်လမ်ရာဇီတောင်သည် အိန္ဒိယ-မြန်မာနယ်စပ် ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မိုးမြို့နယ်တွင်ရှိပြီး မြန်မာနိုင်ငံ မြောက်ပိုင်းအကျဆုံးတွင်ရှိကာ တောင်တက်သမားများ တက်ရောက်ဖူးခြင်း မရှိသေးသည့် တောင်လည်းဖြစ်ကြောင်း၊ အမြင့်ပေ သတ်မှတ်ချက်များ ရှိသော်လည်း တိကျသည့် ကိန်းဂဏန်းဖြစ်စေရန် ယခုခရီးစဉ်တွင် GPS ဖြင့် မှတ်တမ်းတင်မှုများပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ထိုဂမ်လမ်ရာဇီတောင်၏ အမြင့်ပေတိတိကျကျကို ယခုခရီးစဉ်တွင် သက်သေပြမှတ်တမ်းတင်နိုင်ပါက အရှေ့တောင်အာရှတွင် သမိုင်းသစ်တစ်ခုရေးထိုးနိုင်မည်ဖြစ်ပြီး ဂမ်လမ်ရာဇီတောင်တွင် မြန်မာလူမျိုးများသည် ပထမဆုံးခြေချနိုင်သူများအဖြစ်လည်း ကမ္ဘာ့တောင်တက်သမိုင်းတွင် မှတ်တမ်းတင်မည်ဖြစ်ကြောင်း သိရသည်။

ထိုတောင်တက်ခရီးစဉ် တစ်လျှောက်ကို အမေရိကန်လူမျိုးနှစ်ဦးက Documentary ရိုက်ကူးမည်ဟုသိရပြီး တောင်တက်ခရီးစဉ်အတွက် ထူးဖောင်ဒေးရှင်းက ပံ့ပိုးပေးထားကြောင်း၊ တောင်နံရံများ မတ်စောက်ခြင်း၊ ရေခဲနေသော တောင်ဖြစ်ခြင်းကြောင့် ယခုခရီးစဉ်သည် တောင်တက်သမားများအတွက် စိတ်ဝင်စားစရာကောင်းသလို သဘာဝ၏ စိန်ခေါ်မှုများလည်းရှိနေသည့် ခရီးစဉ်ဖြစ်သည်။

ဂမ်လမ်ရာဇီတောင်သည် အမြင့်ပေ ၁၉၂၉၆ ပေရှိကာ ခါကာဘိုရာဇီတောင်ထက် ပေ ၉၀ ကျော်မြင့်သည်ဟု မှတ်တမ်းအချို့တွင် ရှိသော်လည်း တိကျသည့်မှတ်တမ်းဖြစ်ရန် ယခုခရီးစဉ်တွင် သက်သေပြလုပ်ဆောင်သွားမည်ဟုလည်း သိရသည်။

ထက်ခိုင် (စမ်းချောင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

"369" ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အထက် ပုဇွန်တောင်လမ်း၊ အမှတ် (၁၆) နေ ဦးမြင့်စန်း (၁) တန်မိုင်ကတ် (၁၂/လသန (နိုင်) ၀၀၅၆၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေးကြေညာလိုက်သည်။ ဦးမြင့်စန်းသည် အောက်ဖော်ပြပါ "369"ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ်ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၆၄၃၁/၂၀၁၃) ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေမှ ထုတ်လုပ်ရောင်းချသော "369"တံဆိပ် မုန့်ဟင်းခါးဖတ်ခြောက် (ဆန်ခေါက်ဆွဲ)၊ မုန့်တီ တို့ကို မြန်မာပြည်တဝှမ်းလုံးသို့ထုတ်လုပ်တင်ပို့ ဖြန့်ဖြူးရောင်းချရာ၌ ကုန်ပစ္စည်းများသည် ထုတ်လုပ်မှုနည်းစနစ်မှန်ကန်၍ အရည်အသွေးကောင်းမွန်ပြင့်မားပြီး စံချိန်စံညွှန်းပြည့်မီ မှန်ကန်မှုတို့ကြောင့်ဈေးကွက်တွင် စားသုံးသူမိဘပြည်သူများနှင့် အရောင်းကိုယ်စားလှယ်တော်ကြီးများကြား၌ အထူးလူကြိုက်များလျက် ကောင်းမွန်သောနာမည်သတင်းရရှိလျက်ရှိပါသည်။ ယခုအခါ မသမာသူ ဝိသမလောဘသားအချို့က အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တုပပြုလုပ်သုံးစွဲ၍ မုန့်ဟင်းခါးဖတ်ခြောက် (ဆန်ခေါက်ဆွဲ)၊ မုန့်တီ၊ အစရှိသည်တို့ကို ထုတ်လုပ် ရောင်းချနေကြောင်းစားသုံးသူ မိဘပြည်သူများနှင့် အရောင်းကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့်ကြားသိပြီး ကုန်ပစ္စည်းသက်သေအထောက်အထားများလည်းရရှိပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းလုပ်ရပ်များကို ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ရန် ပြင်းထန်စွာတားမြစ်ပါသည်။ ဤသတိပေးကြေညာချက်ကို လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတဝှမ်းလုံးရှိ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ထို့အပြင် မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဦးမြင့်စန်း၏ တရားဝင် ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးမြင့်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဝင်းဝင်းနွယ် (စဉ် – ၈၃၂၈)
LL.B, WIPO (Geneva)
တရားလွှတ်တော်ရှေ့နေ

ဒေါ်ခင်မာမာ (စဉ် – ၁၄၇၁၄)
B.E.con, H.G.P, R.L 1, D.BL, D.L 101, WIPO (Geneva)
စီးပွားရေးနှင့် ဥပဒေဆိုင်ရာအတိုင်ပင်ခံရှေ့နေ

အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉ ၇၃၁၁၂၅၇၁ ၊ ၀၉ ၇၃၀၃၅၆၅၈

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ပဒုမ္မာအားကစားကွင်းအရှေ့ဘက်တန်း တွင်တည်ရှိသော City Mart Holding Co.,Ltd. သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ ပိုင်ရှင်ဖြစ်ပါသည်။

City Mart

မှတ်ပုံတင်အမှတ်- ၃၅/၂၀၀၂ နှင့် ၇၆၆၇/၂၀၁၃

Ocean SUPERCENTER

မှတ်ပုံတင်အမှတ်-၂၂၈၂/၂၀၀၆ နှင့် ၇၆၆၆/၂၀၁၃

SEASONS

မှတ်ပုံတင်အမှတ်- ၁၉၃၆/၂၀၀၆ နှင့် ၇၆၆၈/၂၀၁၃

City eXpress

မှတ်ပုံတင်အမှတ်- ၇၆၇၀/၂၀၁၃

City Mart Holding Co.,Ltd. သည် အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများအား ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံး၌ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲရန် မြွက်ဟကြေညာစာချုပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ယှဉ်တွဲဖော်ပြပါမှတ်ပုံတင်စာချုပ်အမှတ်များဖြင့် အသီးသီးမှတ်ပုံတင်ထားပြီး၊ အဆိုပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများကို အသုံးပြုလျက် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့၌ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လက်လီလက္ကားဖြန့်ဖြူးရောင်းချသည့် **Supermarket** ၊ **Super Center** ၊ **Bakery & Coffee Shop** ၊ **Convenient store** များဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

ထို့သို့ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ များ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ကြီးများ၌လည်း တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများသည် **City Mart Holding Co.,Ltd.** မှ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲသော ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများဖြစ်ပြီး၊ အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှလည်းကောင်း (သို့မဟုတ်) လူအများမှလည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှလည်းကောင်း ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲတုပပြုလုပ်သုံးစွဲခွင့်မရှိပါကြောင်းနှင့် အကယ်၍ တုပပြုလုပ်သုံးစွဲခဲ့လျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

သင်းကြူစိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၁-၃၅၀၀၁။

ပြည်တွင်းရေးရာ

ရန်ကုန်စည်ပင် မြို့ပြစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် EU တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြစီမံကိန်းဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ လေ့လာဆန်းစစ်မည့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့ပြစီမံကိန်းပညာရှင် Mr. Michael Slingsby က ဆွေးနွေးရာတွင် Urban Planning Unit အနေဖြင့် မြို့ပြ၏ ရေစီးရေလာကောင်းမွန်မှု ဆောင်ရွက်ရေးသည် မြို့နယ်၊ ရပ်ကွက်များရှိ ပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တာဝန်ယူရမည်ဖြစ်ကြောင်း၊ ရေဆိုးများ စွန့်ပစ်ရာတွင် လူထုမှ ပါဝင်ပူးပေါင်းတာဝန်ယူမှုအပေါ် အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်၍ ဌာနဆိုင်ရာမှ တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့်ပတ်သက်၍ ထိန်းသိမ်းရာတွင် အရေးကြီးသည့် အချက်များကို မြို့ပြစီမံကိန်းအနေဖြင့် လမ်းညွှန်မှုများ ချမှတ်ရန် လိုအပ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံများကို စီးပွားရေးဇုန်နှင့် လူနေရပ်ကွက်များ၌ ရောထွေးစွာ ဆောင်ရွက်ထားခြင်း မရှိစေရေးအတွက် မြို့ပြစီမံကိန်းအဖွဲ့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုရှိစေရန် ရှေးဟောင်းအဆောက်အအုံများဇုန်ကို သီးခြားထားသင့်ကြောင်း၊ မြို့ပြတိုးချဲ့ခြင်းဆိုင်ရာကိစ္စရပ်များကို လမ်းညွှန်မှုနှင့်အညီ နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့်ပုံစံဖြင့် ပေးလျော်မှုများကိုလည်း နစ်နာမှုမရှိစေရန် အဓိကအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရေးကြီးသည့် လမ်းညွှန်မှုများနှင့် အကြံပေးမှုများကို စုစည်းတင်ပြသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းသည် အခြေခံမူဝါဒများဖြစ်သည့်အတွက် အသေးစိတ်လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် ဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆွေးနွေးပွဲအတွင်း တက်ရောက်လာကြသူများအနေဖြင့် မြို့ပြစီမံခန့်ခွဲရေးအပြင် အခြေခံအဆောက်အအုံကဏ္ဍဖြစ်သည့် ရေပေးဝေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်စွန့်ပစ်ရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုက အသိတရားများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အလုံ၌ ဓာတ်လိုက်သေဆုံး

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် မောင်လေးဝင်း၊ အမှတ်(၁၅၅)နေ မမိုးစန္ဒာ (၃၀) နှစ်သည် ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက ဖခင်ဖြစ်သူနှင့်အတူ TV အင်တာနာကြိုးထောင်စဉ် နေအိမ်ခေါင်မိုးအပေါ်ရှိ 6.6 kv ကောင်းကင်ဓာတ်အားလိုင်းမှ TV အင်တာနာသို့ ဓာတ်အားစီးဝင်၍ ဓာတ်လိုက်ခံရပြီး ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့စဉ် သေဆုံးသွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ PR ၀၀၅ ဖြင့် လက်ခံထားရှိပြီး အခင်းဖြစ်ပွားရာအရပ်သို့ အလုံမြို့နယ်လျှပ်စစ်ရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ရောက်ရှိလာပြီး လိုအပ်သည်များ ပံ့ပိုးကူညီကြသည်။

တင်မောင်ဦး (အလုံ)

လူသွားပလက်ဖောင်းပေါ်တက်ရပ်ကြခြင်းကြောင့် အများပြည်သူအတွက်အခက်အခဲများဖြစ်စေ

သတင်း-ထက်ခိုင်(စမ်းချောင်း)
ဓာတ်ပုံ-သော်ဇင်ထက်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့အတွင်း လမ်းသွားလမ်းလာများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် လူသွားပလက်ဖောင်းများကို စနစ်တကျ သုံးစွဲနိုင်ရန် စီစဉ်ပေးထားသော်လည်း အချို့သောယာဉ်ပိုင်ရှင်များသည် လူသွားပလက်ဖောင်းများအပေါ် တက်ရောက်ရပ်တန့်ကြခြင်းကြောင့် ခရီးသွားပြည်သူများမှာ လမ်းပေါ်သို့ဆင်း၍ အန္တရာယ်ကြားမှ သွားနေရခြင်းများရှိကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ လူသွားပလက်ဖောင်းပေါ်တွင် ယာဉ်များ ရပ်တန့်ထားခြင်း၊ စည်းကမ်းမဲ့ ဈေးရောင်းချခြင်းများကြောင့် လမ်းသွားလမ်းလာများမှာ ယာဉ်အန္တရာယ်ကြားမှ လမ်းဆင်းလျှောက်ရကြောင်း၊ လမ်းပေါ်တွင် မောင်းနှင်သည့် ယာဉ်မောင်းများကလည်း ဂရုပြုမောင်းနှင်နေကြရပြီး မလိုလားအပ်သော ယာဉ်မတော်တဆမှု မဖြစ်စေရန် မောင်းနှင်လုပ်ဆောင်ခြင်းမှ ယာဉ်ကြောပိတ်ဆို့မှုများလည်း ဖြစ်လာစေကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုသည် စည်းကမ်းမဲ့သော လုပ်ရပ်တို့ပေါ်တွင် မူတည်နေခြင်းဖြစ်ပြီး တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုမျိုးဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ယာဉ်ကြောပိတ်ဆို့မှု ဖြစ်စဉ်များကို လေ့လာနေသူတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ လူသွားပလက်ဖောင်းပေါ်တက်၍ ယာဉ်ကို ရပ်တန့်ထားခြင်းသည် ရန်ကုန်မြို့တွင် နေရာအချို့၌ တွေ့မြင်နေရသော်လည်း ယာဉ်ရပ်နားစခန်းသဖွယ် တန်းစီရပ်တန့်မှုကို မဟာဗန္ဓုလလမ်း (ယခင်ဝန်ကြီးများရုံးဘေး)တွင် နေ့စဉ်လိုလို မြင်တွေ့နေရကြောင်း ဘိုကလေးဈေးလမ်းတွင် နေ့စဉ် သင်တန်းလာတက်သူတစ်ဦးက ပြောပြသည်။

"နေ့တိုင်း ဒီလိုပဲရပ်နေတော့ လမ်းပေါ်က လျှောက်ရင် အန္တရာယ်များတယ်။ အဲဒါကြောင့်လည်း တစ်ဖက်ကားလမ်းကိုကူးပြီး ပလက်ဖောင်းပေါ်ကပဲ သွားရတယ်"ဟု ၎င်းက ပြောပြသည်။ ထိုသို့ ပလက်ဖောင်းပေါ်တက်၍ ယာဉ်ရပ်တန့်နေမှုများသာမက ယာဉ်များကို အကာအကွယ်ပြု၍ စည်းကမ်းမဲ့အညစ်အကြေးစွန့်ကြခြင်းကြောင့် ပတ်ဝန်းကျင်အတွက် ညစ်ညမ်းစေကာ လမ်းသွားလမ်းလာများအတွက် အနံ့အသက်ဆိုးများ ကြုံတွေ့နေရခြင်းများရှိကြောင်း သိရသည်။

အရာထမ်းအခြေခံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၀

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၁၉၄) ဖွင့်လှစ်ရာ ပါမောက္ခချုပ် ဦးညီညီစံက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၄ ဦး၊ သင်တန်းသူ ၅၂ ဦးတို့ တက်ရောက်ကြပြီး ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

NESCAFÉ ရဲ့ စိန်ရတုမှာ အားလုံးပါဝင်ပျော်ရွှင်စွာ
ကျပ်သန်းပေါင်းများစွာ ကံစမ်းမဲအစီအစဉ်

စည်းကမ်းချက်များ:

စာတိုက်သေတ္တာအမှတ် – ၇၅၉ (ရန်ကုန်)သို့ တိုက်ရိုက်ပေးပို့ ကံစမ်းနိုင်ပါသည်။

- မည်သည့် NESCAFÉ 3in1 အိတ်ခွံအကြီးမဆို ပါဝင်ဆင်နွှဲခွင့်ရှိပါသည်။
- ကူပွန်မပါသော အိတ်ခွံများအတွက် စာရွက်လွတ်ပေါ်တွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်း၊ နေရပ်လိပ်စာ၊ ဝယ်ယူသည့် ဆိုင်အမည်/လိပ်စာ ပြည့်စုံစွာရေး၍ ပါဝင်ဆင်နွှဲခွင့်ရှိပါသည်။
- ပေါက်မဲများကို ဩဂုတ်လနှင့် အောက်တိုဘာလများတွင် ကြေငြာပေးမည်ဖြစ်ပြီး ဩဂုတ်လတွင် မပေါက်သည့် မဲများကို အောက်တိုဘာလတွင် ဆက်လက်ထည့်သွင်းပေးမည်ဖြစ်ပါသည်။ ကံစမ်းမဲပေါက်သူများကိုလည်း တိုက်ရိုက်ဆက်သွယ်ပေးမည်ဖြစ်ပါသည်။
- (၄)လအတွင်းမှာ ကံထူးတဲ့ NESCAFÉ ရဲ့ကံထူးရှင်(၇၅)ယောက်ကို ရွေးချယ်ပြီး နိဝင်ဘာလမှာ ကျင်းပမယ့် NESCAFÉ ရဲ့စိန်ရတုပွဲကြီးကို တက်ရောက်ခွင့်နှင့်အတူ ဆုကြီး (၇၅)ဆုကို ကံစမ်းခွင့်ရမယ့်အပြင် နှစ်သိမ့် ဆုပေါင်း (၇၅၀)ဆုကို ကံစမ်းမဲကာလအတွင်း မဲဖောက်ချီးမြှင့်ပေးမည် ဖြစ်ပါသည်။
- ကံစမ်းမဲပေါက်သူသည် ဆု(၂)ဆု ပေါက်ခဲ့ပါက ဆုကြီး (၁)ဆုကိုသာ ထုတ်ယူခွင့်ရှိပါသည်။
- ကံစမ်းမဲပေါက်သူ၏ ဝယ်ယူသည့်ဆိုင်ကိုလည်း ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးမည်ဖြစ်သည်။
- ကံစမ်းမဲကူပွန်များကို အောက်တိုဘာလ (၁၅)ရက် နောက်ဆုံးထား ပေးပို့ရမည် ဖြစ်ပါသည်။
- ဤကံစမ်းမဲအစီအစဉ်တွင် Nestlé Trading (Thailand) Ltd., Associated Distributors & Coordinating Agencies မှ ဝန်ထမ်းများနှင့် မိသားစုများ ပါဝင်ခွင့်မရှိပါ။
- ကံစမ်းမဲကူပွန်နှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက Nestlé Trading (Thailand) Ltd. ၏ အဆုံးအဖြတ်သာ အတည်ဖြစ်ပါသည်။

ကူပွန် နှင့် အိတ်ခွံအကြီးတွဲ၍ နီးစပ်ရာဆိုင်ရှိ ကံစမ်းမဲပုံးတွင်ထည့်၍ ကံစမ်းနိုင်ပါသည်။

Hotline 09 732 32462 | NESCAFÉ Myanmar

Nestlé Good Food, Good Life

အမည် ------
မှတ်ပုံတင်အမှတ် ------
ဖုန်း ------
နေရပ်လိပ်စာ ------
ဝယ်ယူသည့်ဆိုင်အမည် ------
ဝယ်ယူသည့်ဆိုင်လိပ်စာ ------

၂၀၁၃ ခုနှစ် ဩဂုတ်လ (၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော NESCAFÉ ရဲ့ (၇၅)နှစ်ပြည့် အခမ်းအနားနှင့် ပထမအကြိမ် ကျပ်သန်းပေါင်းများစွာ ကံစမ်းမဲအစီအစဉ်တွင် ကံစမ်းမဲပေါက်သူ ကံထူးရှင်များ

(အထက်မြန်မာပြည်)

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ဝယ်သူသည့်ဆိုင်အမည်
၁။	မရည်မွန်	၅/ဝလန(နိုင်)၁၁၈၀၇၀	အမှတ်(၂၈၃)၊ ၂၈လမ်း၊ ၈၂လမ်းနှင့်၈၃လမ်းကြား၊ မန္တလေးမြို့။	ရွှေရောင်လျှံ
၂။	ဒေါ်ခင်သီဝင်း	၉/မနတ(နိုင်)ဝ၆ဝ၃၆၃	ကွက်(၃၄၆)၊ စိန်ပန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။	ဝင်းလိုက်ကုန်စုံဆိုင်
၃။	မဝေဝေလင်း	၉/ပကခ(နိုင်)ဝ၁၅၆၃၀	ဆ/၁၊ ၂၃(က)+၂၄(က)၊ ၇၃လမ်း၊ ဒေလီယာထောင့်၊ မြို့သစ်(၂)၊ ချမ်းမြသာစည်၊ မန္တလေးမြို့။	သစ္စာနွယ်စတိုး
၄။	ဒေါ်ယုယုလွင်	၉/မနမ(နိုင်)၁၀၅၆၅၆	သိပ္ပံလမ်း၊ ၇၃လမ်း၊ ဆည်မြောင်းရုံး၊ မန္တလေးမြို့။	ကောင်းစံရောင်းဝယ်ရေး
၅။	ဦးမြင့်မောင်မောင်	၉/မရတ(နိုင်)ဝ၉၄၆၁၇	၃၈လမ်း၊ ၈၁လမ်းနှင့်၈၂လမ်းကြား၊ မျက်ဝန်းရပ်၊ မန္တလေးမြို့။	နီနီအောင်
၆။	စိုင်းထွန်းနေလင်း	၉/ပဥလ(နိုင်)ဝ၂၂၉ဝ၉	အမှတ်(၁၆၊၂၉)၊ သုမင်္ဂလာဈေးသစ်လမ်း၊ ပြင်ဦးလွင်။	တာယာမင်းစတိုး
၇။	မနီသင်း	(ကျောင်းဝင်အမှတ်-၉၈၂၈)၊ ဖောင်တော်ဦး	၆၂လမ်းနှင့်၆၂လမ်းကြား၊ ၁၉ လမ်းထောင့်၊ မန္တလေးမြို့။	မြက်သာစတိုး
၈။	ဒေါ်ပြုံးပြုံးဝင်း	၉/မခန(နိုင်)၁၇၂၄၀၀	အင်ကြင်းဆောင်၊ ဝန်ထမ်းအိမ်ရာ၊ TU (MDY) မြစ်ငယ်၊ မန္တလေးမြို့။	မြက်သာ
၉။	ကိုကျော်မွေး	၉/နထက(နိုင်)၁၀၉၄၁၃		မဥမ္မာဝင်း
၁၀။	ဒေါ်ဦး	NYHE - ၀၂၀၃၁၉	ယုဇနလမ်း၊ စိန်ပန်း၊ တောင်ကြီး။	ဦးတင်ညွန့်
၁၁။	ဦးစိုးသိန်း	KLW - ၀၀၀၆၈၆	မိုးကောင်းရပ်၊ အောင်ပန်း၊ ရှမ်းပြည်နယ်တောင်ပိုင်း။	ချယ်ရီ စတိုး
၁၂။	မအိစန္ဒာဝင်း	၁၃/တကန(နိုင်)၂၉၃၃၅၄	စစ်စံထွန်းရပ်၊ နယ်မြေ(၅)၊ တော်ကြီး။	မေမြင့်မိုရ်
၁၃။	စိုင်းအုန်းကျော်	၁၃/လရန(နိုင်)၁၂၉၈၆၂	အမှတ်(၁၀)၊ ရေကန်လမ်း၊ ရ.က(၄) န.မ(၅)၊ လားရှိုးမြို့။	စုပေါင်း
၁၄။	ကိုမြင့်လေး	၁၃/တကန(နိုင်)ဝ၆၇ဝ၅ဝ	အမှတ်(၂၃၀)၊ မဟာသုခလမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့။	ဝမ်းဖိုက်ဝမ်း စတိုး
၁၅။	ရင်ဝင်းရင်	၁၃/လလန(နိုင်)ဝ၄၃၉၁၇	ရပ်ကွက်(၂)၊ ပင်လုံမြို့၊ S.S.S၊ တောင်ကြီးမြို့။	ကိုစိုင်းရီ (ရွှေကြယ်ကုန်စုံဆိုင်)

(အောက်မြန်မာပြည်)

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ဝယ်သူသည့်ဆိုင်အမည်
၁။	မထွန်းဇေကရီလင်း	၁၂/တမန(နိုင်)၁၂၅၈၇၄	အမှတ်(၂၂)၊ ၁၅၂လမ်း၊ တာမွေ Ki Ku (စတိုး)၊ ရန်ကုန်မြို့။	ကံ့ကော်စတိုး
၂။	မချိုချိုမြင့်	၇/သဝတ(နိုင်)ဝဝဝဝ၆၄	ပုဇွန်တောင်၊ ၂၃ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့။	ခြင်္သေ့(၃)ကောင်
၃။	ဦးဇော်ဝင်း	၁၂/ခရန(နိုင်)ဝဝ၇၂၉၆	စွယ်တော်ကဖီး၊ ဇောတိကလမ်း၊ (၇)ရပ်ကွက်၊ ခရမ်းမြို့။	ဦးထွန်းကြည်
၄။	ဒေါ်မိုးပွင့်သွယ်	၁၂/မရက(နိုင်)ဝဝ၃၇၃၁	အမှတ်(၉၈၅)၊ ကေရာဇ်လမ်း၊ ၄ရပ်ကွက်၊ ဒဂုံအရှေ့ ရန်ကုန်မြို့။	သဲသဲ
၅။	မသန်းသန်းဌေး	၇/ကခန(နိုင်)ဝ၆၁၁၉၂	သံကဇောင်းလမ်း၊ ပန်းခြံကုန်းရပ်ကွက်၊ ပဲခူးမြို့။	ရွှေနေမင်း
၆။	ဦးမြင့်ကြည်	၉/ညဥန(နိုင်)ဝ၆၃၄၂၉	၄၉၊ ဘူတာရုံလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်မြို့။	
၇။	ကိုကျော်လင်းအောင်	၉/ညဥန(နိုင်)၁၅၈၁၇၄	(၅)ရပ်ကွက်၊ ခွာညို(၆)ထိပ်၊ သစ္စာပန်းလမ်းမကြီး။	
၈။	ကိုစိုးမြိုင်	၈/ဥမန(နိုင်)၁၄၅၀၁၀	(၁၂၆၈)၊ ဗိုလ်မှူးဗထူးလမ်း နှင့် ဘုရင့်နောင်လမ်းထောင့်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။	
၉။	ဦးညီညီ	၁၂/သလန(နိုင်)၁၀၃၀၇၆	နန်းရေဇင်ကဖီး GTU ကျောင်းရှေ့ သန်လျင်မြို့နယ်။	
၁၀။	ကိုအောင်အောင်သွင်	၁၂/သလန(နိုင်)ဝဝ၇၄၆၆	ပွင့်ဖြူ (ကဖီး)၊ ၁၇၁၊ ကမ်းနားလမ်း အလယ်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့။	
၁၁။	သိန်းစိုး	၁၄/ပတန(နိုင်)၁၆၇၂၆၉	ကောင်းသထက်ကောင်းကဖီး၊ နတ်စင်လမ်းအောက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။	
၁၂။	မအေးစန်း	၇/သကန(နိုင်)၁၃၂၈၄၁	ဇောဓိရပ်ကွက်၊ အင်းမမြို့ ပဲခူး။	
၁၃။	မအေးအေးဖီး	၇/လပတ(နိုင်)ဝ၈၇၁၉၁	အမှတ်(၄၆)၊ ရန်ကုန်-ပြည်လမ်း၊ ကျွန်းကလေးတာဆုံ၊ လက်ပံတန်းမြို့ ပဲခူး။	
၁၄။	ကိုဇော်ဝင်း	၁၀/သထန(နိုင်)၁၃၃၇၀၁	မေတ္တာလမ်း၊ (၁၃)ဈေးအတွင်း၊ သထုံ။	
၁၅။	ကိုမြင့်သန်းထွန်း	၁၂/ကမရ(နိုင်)ဝ၅၁၆၆၁	အခန်း(၁၅)၊ ဘီ-၁၊ မွန်သစ် တီးစင်တာ၊ မြို့ပြအိမ်ယာစီမံကိန်းတိုက်၊ လှည်းတန်းမီးပွိုင့်အနီး၊ အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။	စိန်/လတ်ဝင်း ကုန်စုံဆိုင်

ဒုတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲမှာ ကံထူးရှင် (၄၅)ယောက်ကို ထပ်မံရွေးချယ်မှာဖြစ်တဲ့အတွက် အောက်တိုဘာလ(၁၅)ရက်နေ့ နောက်ဆုံးထား၍ အမြန်ဆုံး ကံစမ်းလိုက်ကြရအောင် . . .

ရုရှားတင်းနစ်မယ် ရှာရာပိုဗာမှ ရှူးဂါးပိုဗာ ဖြစ်လာတော့မည်

ကမ္ဘာကျော်ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် လာမည့် အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပမည့် ရက်သတ္တနှစ်ပတ်တာကာလအတွင်း သကြားလုံးကုန်အမှတ်တံဆိပ်တစ်ခု အရောင်းမြှင့်တင်ရန် ၎င်း၏အမည်ကို ရှာရာပိုဗာမှ ရှူးဂါးပိုဗာအဖြစ် ခေတ္တအမည်ပြောင်းလဲရန် ဖလော်ရီဒါတရားရုံးသို့ လျှောက်ထားခဲ့ကြောင်း သိရသည်။

အသက်(၂၆)နှစ်အရွယ် ရှာရာပိုဗာက ယင်းသို့အမည်ပြောင်းလဲရခြင်းမှာ အားကစားပွဲကာလအတွင်း၌သာ ဖြစ်ပြီး အဆိုပါကုန်ပစ္စည်းအပေါ် သို့ လူအများ အာရုံထားစိတ်ဝင်စားလာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အဆိုပါ အားကစားပွဲပြီးဆုံးပါက ၎င်း၏အမည်ကို မာရီယာရှာရာပိုဗာဟုသာ ပြန်လည် မှည့်ခေါ်စေမည် ဖြစ်ကြောင်း သိရသည်။

တင်းနစ်အားကစားလောကတွင် ထိပ်တန်းမှရပ်တည်နေသည့် အားကစား မယ်တစ်ဦးဖြစ်သူ မာရီယာရှာရာပိုဗာသည် ယခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ၂၉ သန်းဖြင့် ဝင်ငွေအမြင့်ဆုံးရရှိသည့် ရွှေအိုရောင် ဆံပင်ပိုင်ရှင် အားကစားသမားတစ်ဦးအဖြစ် Forbes မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသူတစ်ဦး လည်းဖြစ်သည်။

ဖြိုးစန္ဒာမြင့် – စုစည်းရေးသားသည်

နည်းပညာသတင်း (ALEZ)

ဓာတ်ပုံများကို စက္ကန့်ပိုင်းမျှဖြင့် ထုတ်ယူနိုင်သော အိတ်ဆောင်ပုံထုတ်စက်

LG (Life's Good) ဟု အမည်ရသော ကမ္ဘာကျော်မိုဘိုင်းလ်အီလက်ထရွန်နစ်လုပ်ငန်းမှ အဆင့်မြင့် မိုဘိုင်းလ်ဖုန်း (Smart Phone) များဖြင့် တွဲဖက်အသုံးပြုနိုင်သည့် ဓာတ်ပုံထုတ်လုပ်သည့်စက် ပေါ်ထွက်လာတော့မည်။ စက်၏ အရွယ်အစားမှာ အလေးချိန် ၂၁၂ ဂရမ်ရှိပြီး အရှည် ၅ လက်မ၊ အထု ၁ လက်မ သာသာရှိသည်။ အဆိုပါစက်တွင် ကြိုးမဲ့စနစ်၊ ကြိုးတပ်စနစ်နှင့် အင်တာနက် ချိတ်ဆက်အသုံးပြုမှုစနစ်များပါ ပါဝင်သည်ဟု သိရသည်။ ယင်းစက်ကို မိုဘိုင်းလ်ဖုန်းနှင့်သာမက ကွန်ပျူတာငယ်များ၊ မော်ဒယ်မြင့်ကင်မရာများနှင့် ဓာတ်ပုံရိုက်ကူးနိုင်သော မည်သည့်မိုဘိုင်းလ် အီလက်ထရွန်နစ်ပစ္စည်းများနှင့်မဆို ချိတ်ဆက်အသုံးပြုနိုင်ရန် ဖန်တီးထုတ်လုပ်သွားမည်ဟု သိရသည်။ ယခုအချိန်တွင် စမ်းသပ်ဆဲကာလဖြစ်သည့်အတွက် ဈေးနှုန်းအတိအကျ သတ်မှတ်မထားသေးကြောင်းလည်း အဆိုပါ လုပ်ငန်း၏စာမျက်နှာတွင် တွေ့ရှိရသည်။ စက်၏ ဓာတ်ပုံတစ်ပုံထုတ်ရန်ကြာမြင့်ချိန်မှာလည်း စက္ကန့် ၅၀ မျှသာ ကြာမြင့် မည်ဟု သိရှိရပါသည်။ စွမ်းအင်ကို ကြိုးနှင့် သွယ်တန်းအသုံးပြုနိုင်သည့်အပြင် ဓာတ်ခဲဖြင့်ပါအသုံးပြုနိုင်ရန် ဖန်တီးထားပြီး ဓာတ်ခဲအားသွင်း၍ အသုံးပြုမည်ဆိုပါက ၁ နာရီမှ နာရီ ၃၀ အတွင်း အသုံးပြုနိုင်သည်ဟု သိရှိရသည်။

အဆိုပါစက်ကို ဓာတ်ခဲအားပြည့်ဝစွာဖြင့် ဓာတ်ပုံထုတ်မည်ဆိုပါက တစ်ကြိမ်လျှင် ပုံ ၂၀ ခန့် တစ်ပြိုင်တည်းထုတ်၍လည်းရနိုင်သည်ဟု သိရသည်။ စက်ကို မိုဘိုင်းလ်ဖုန်းအသုံးပြု၍ ကြိုးတပ်စနစ်၊ ကြိုးမဲ့စနစ်များဖြင့် လည်းကောင်း၊ မှတ်ဉာဏ်ကတ်များ (Memory Card, SD Card) ဖြင့် လည်းကောင်း၊ မော်ဒယ်မြင့်ကင်မရာများမှာ တိုက်ရိုက်စနစ်ဖြင့်လည်းကောင်း၊ ကွန်ပျူတာဖြင့် အင်တာနက်အသုံးပြုနေစဉ် လျှပ်တစ်ပြက် ဓာတ်ပုံထုတ်ယူရာတွင်လည်းကောင်း အသုံးပြုနိုင်ရန် ဖန်တီးထားသည်ဟု သိရသည်။ အဆိုပါ စက်ကို အထက်ပါစနစ်များအပြင် ဓာတ်ပုံ၏ ပုံထွက်အရည်အသွေး ပိုမိုကောင်းမွန်စေရန် အထူးပြုလုပ်သော မင်တစ်မျိုး အသုံးပြုထားပြီး ဓာတ်ပုံထုတ်သည့်အခါတွင် အခြားအရည်အသွေးမြင့်စက်ကြီးများအောက် ပုံထွက်အရည်အသွေး မနိမ့်ကျစေရန်လည်း ရည်ရွယ်ထားသည်ဟု ဆိုသည်။

အနုပညာကြေးကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ကမ်းလှမ်းခြင်းခံရသူ ဟုခ်ဂျက်မန်း

မကြာမီက ထွက်ရှိခဲ့ပြီး ဟောလိဝုဒ်တွင် ထိပ်တန်းဝင်ငွေရရှိခဲ့သည့် Wolverine ဇာတ်ကားမှ အဓိကဇာတ်ဆောင် ဟုခ်ဂျက်မန်းအား နောက်ဆက်တွဲဇာတ်ကားလေးကားတွင် Wolverine အဖြစ် ပါဝင်သရုပ်ဆောင်ရန် အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။

သရုပ်ဆောင် ဟုခ်ဂျက်မန်းအား မကြာမီထွက်ရှိလာမည့် Xman:Days of Future ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန်လည်း စီစဉ်ထားကြောင်းနှင့် ယင်းကဲ့သို့ အနုပညာကြေး မြင့်မားစွာဖြင့် ကမ်းလှမ်းထားမှုအပေါ် ဟုခ်ဂျက်မန်း အနေဖြင့် တစ်စုံတစ်ရာအဖြေမပေးသေးဘဲ စဉ်းစားဆဲသာဖြစ်ကြောင်း သိရသည်။

ထို့အပြင် နာမည်ကြီး Wolverine ဇာတ်ကားမှ သရုပ်ဆောင် ဟုခ်ဂျက်မန်းသည် ဟောလိဝုဒ်တွင် တတိယအနုပညာကြေးအမြင့်ဆုံးမင်းသားအဖြစ် Forbes မဂ္ဂဇင်းမှ ဖော်ပြခြင်းခံရသည့် သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန
ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောရုံးသုံး စက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များ၊ မီးသတ်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့် ဆက်သွယ်ရေးပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနအလိုက် တင်ဒါစိစစ်ရွေးချယ်မှုများအား အောက် ယှဉ်တွဲပါနေ့ရက်များအလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	၂၈-၈-၂၀၁၃ရက်
(ခ)	အကျဉ်းဦးစီးဌာန	၉-၉-၂၀၁၃ ရက်
(ဂ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	၁၆-၉-၂၀၁၃ရက်
(ဃ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၁၂-၉-၂၀၁၃ ရက်
(င)	မီးသတ်ဦးစီးဌာန	၄-၉-၂၀၁၃ရက်

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသည့် အဆိုပြုလွှာများကို ပစ္စည်းဝယ်ယူမှုစိစစ်ရေး ကော်မတီမှ စိစစ်ရွေးချယ်၍ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ကိုက်ညီသောကုမ္ပဏီများ အမည်စာရင်းအား ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)တွင် ၂၁-၈-၂၀၁၃ ရက်မှ စ၍ ရုံးချိန်အတွင်း ကြေညာထားမည်ဖြစ်ပြီး အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း ၀၆၇-၄၁၂၅၁၂၊ ၀၆၇-၄၁၂၀၄၅
(ခ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း ၀၆၇-၄၁၂၄၁၄၊ ၀၆၇-၄၁၂၄၁၇
(ဂ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း ၀၆၇-၄၃၁၃၇၄၊ ၀၆၇-၄၃၁၃၉၆
(ဃ)	အကျဉ်းဦးစီးဌာန	ဖုန်း ၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀
(င)	မီးသတ်ဦးစီးဌာန	ဖုန်း- ၀၆၇-၄၂၀၀၂၅၊ ၀၆၇-၄၂၀၉၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/သူရိယ)၊ ဦးပိုင်အမှတ်(၉၈)၊ ဧရိယာ(၀.၀၈၁)ဧကရှိ၊ ဦးအောင်ဆန်းဝင်းအပါ(၁၂)ဦး အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ကမ္ဘောဇဘဏ်လီမိတက်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်သူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Great Ayeyarwaddy Co., Ltd မှ အောက်ပါဝန်ထမ်းများအလိုရှိသည်-

၁။	Asst; Sales Manager	ကျား (၁) ဦး
၂။	Asst; Admin Manager	ကျား (၁) ဦး
၃။	Sales Executive	ကျား (၃) ဦး
၄။	Sales Supervisor	ကျား (၃) ဦး
၅။	ရောင်း / မောင်း	ကျား (၅) ဦး
၆။	Marketing	ကျား (၅) ဦး

အရည်အချင်းနှင့် လုပ်သက်အရ လစာကောင်းခံစားခွင့်ရှိမည်။ နယ်ခရီးသွားနိုင်ရမည်။အမှတ်စဉ်၁၊၂၊၃၊၄၊၅အတွက်ယာဉ်မောင်းနိုင်သူဖြစ်ပြီး၊ ကွန်ပျူတာသုံးစွဲနိုင်သူဦးစားပေးမည်။

မှတ်ပုံတင်၊သန်းခေါင်စာရင်း၊ယာဉ်မောင်းလိုင်စင်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံချက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်တို့နှင့်အတူ အောက်ပါလိပ်စာသို့ ဤကြော်ငြာပါပြီး (၂)ပတ်အတွင်း လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။

အမှတ်(၇)၊ လေးထောင့်ကန်လမ်းမကြီး၊ရွှေကိန္နရီ ShopHouse (ဆ/ခ) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

"နှစ်(၆၁)ပြည့် အဘ–ဘိုးမင်းခေါင်ထွက်ပွဲ"
စင်မြင့်ရွှေပုပ္ပါးမယ်ဘော့ကူနိုး
ကျောင်းတော်ရာငါးကြီးအာစကျွေး၊ စွယ်တော်ပူး ပုဂံ၊ ညောင်ဦး၊ မင်းဘူး၊ မကွေး(၄)ရက်ခရီး
ထမင်း'မ'ကျွေး (50000 Ks) (19-9-2013)ရက်နေ့ထွက်မည်။
ရွှေစေတီ ဘုရားဖူးပို့ဆောင်ရေး၊ကျိုက္ကစံဘုရားလမ်းမှတ်တိုင်၊Ph:09450024419
(၁၂၄)ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်န်းကျွန်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၄ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် စီဒီ၊ ဗွီစီဒီများ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂၃-၈-၂၀၁၃ ရက်(သောကြာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။ တာဝန်ခံပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ အမှတ်-၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဈေးနှုန်းလွှာများကို ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာတင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။

(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာ
ပို့ချချက် စီဒီ၊ ဗွီစီဒီများထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

အကောင်းဆုံးပုံစံရရှိဖို့ အချိန်လိုအပ်နေသေးတဲ့နေမာ

နိုင်လင်းကြည်

ဩဂုတ် ၁၉ ရက်က နွေးကမ့်၌ ယှဉ်ပြိုင်ကစားခဲ့သော လာလီဂါပွဲစဉ် (၁) ဘာစီလိုနာအသင်း၏ အဖွင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းက လီဗန်တေးအသင်းကို လာလီဂါ ပွဲစဉ်(၁)၏ သွင်းဂိုးအများဆုံးပွဲအဖြစ် ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြခဲ့သည်။

ယင်းပွဲစဉ်တွင် ယခုနှစ်ဘောလုံးရာသီမစတင်မီက ခေါ်ယူလိုက်သည့် ဘရာဇီးတိုက်စစ်မှူးနေမာကို ပထမ ပွဲထွက်လူစာရင်းတွင် ထည့်သွင်းခဲ့ခြင်းမရှိဘဲ ပွဲကစားချိန် ၆၄ မိနစ်ရောက်မှသာ ဆန်းချက်ဇ်နေရာတွင် လူစားလဲ ကစားစေခဲ့သည်။

ထိုသို့ ပွဲချိန်ပြည့်ကစားသမားအဖြစ် ထည့်သွင်း မကစားစေခဲ့ခြင်းမှာ တိုက်စစ်မှူးနေမာသည် ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သည့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် နိုင်ငံအသင်းအတွက် အကောင်းဆုံးကစားနိုင်ခဲ့သော်လည်း ယခုလာလီဂါပြိုင်ပွဲတွင် ထုတ်သုံးရန် လုံလောက်သော အရည်အချင်းမရှိသေး၍ ဖြစ်ကြောင်းနှင့် လာလီဂါရပ်ဝန်းနှင့် အသားကျကာ အကောင်းဆုံးပုံစံရရှိရန် လေ့လာဖို့ အချိန်လိုအပ်နေသေး၍ ဖြစ်ကြောင်း ဘာစီလိုနာနည်းပြသစ် မာတီနိုက ဖွင့်ဟပြောကြားခဲ့သည်။

သို့ရာတွင် နည်းပြမာတီနိုအနေဖြင့် တိုက်စစ်မှူး နေမာနှင့် မက်ဆီတို့တွဲဖက်ကစားကာ ဘာစီလိုနာအသင်း အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ သို့ရာတွင် တိုက်စစ်မှူးနေမာအား အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် လက်ခံနိုင်ရန် အတွက်မူ ၎င်းအနေဖြင့် အချိန်အတော်ကြာလေ့လာရန် လိုအပ်လိမ့်ဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တစ်ပွဲသရေ၊ ရှစ်ပွဲအနိုင်အရှုံးပေါ်သည့်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂)

ဝင်းထွဋ်ဦး

ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေနေ့များတွင် ဘွန်ဒက်စ်လီဂါပွဲစဉ်(၂)အဖြစ် ကိုးပွဲကစားခဲ့ရာ သရေတစ်ပွဲသာ ပါဝင်ပြီး ကျန်ရှစ်ပွဲမှာ အနိုင်အရှုံးရလဒ်ထွက်ပေါ်သည့်ပွဲများဖြစ်ခဲ့သည်။ ဂိုးများသည့်ပွဲခြောက်ပွဲနှင့် သုံးပွဲမှာ ဂိုးနည်းသည့်ပွဲများအဖြစ် တွေ့ရသည်။

ပွဲစဉ်(၂)၏ တစ်ပွဲတည်းသော သရေပွဲမှာ တနင်္ဂနွေနေ့က နူရင်ဘတ်အသင်းအိမ်ကွင်း နူရင်ဘတ်စတေဒီယမ်တွင် တန်းတက်ဟာသာဘာလင်ဧည့်သည်အသင်းအဖြစ် လာရောက်ကစားခဲ့သည့် ပွဲဖြစ်သည်။ နှစ်သင်းအပြန်အလှန် ဂိုးသွင်းပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ဟာသာဘာလင်သည် အဖွင့်ပွဲစဉ်(၁)တွင် ဖရန့်ဖတ်ကို ဂိုးပြတ်အနိုင်သုံးမှတ်အပြည့် ရယူနိုင်ခဲ့သလို ယခုပွဲတွင် သရေတစ်မှတ်ရယူနိုင်ပြီး နှစ်ပွဲကစားပြီး ရမှတ်လေးမှတ်ဖြင့် အဆင့်(၆) နေရာကိုရောက်ရှိနေသည်။

အနိုင်အရှုံးကွဲပြားသည့် ရှစ်ပွဲအနက် ဝုဖ်ဘတ်က ရှော့လ်ကေးကို လေးဂိုး-ဂိုးမရှိ၊ဂလက်ဘတ်က ဟန်နိုဗာကို သုံးဂိုး-ဂိုးမရှိဖြင့် အိမ်ကွင်းပွဲများတွင်အနိုင်ရပြီး ဟော့ဖန်ဟိမ်းက ဟမ်းဘတ်၏ အိမ်ကွင်းတွင် ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့၍ ထိုသုံးပွဲမှာ မထင်မှတ်သည့် ရလဒ်များ ထွက်ပေါ်သည့်ပွဲများဟုဆိုရမည် ဖြစ်သည်။

ဟော့ဖန်ဟိမ်းမှာ အဝေးကွင်းတွင် သွင်းဂိုး ငါးဂိုး အထိသွင်းပြီး ပွဲစဉ်(၂)၏သွင်းဂိုးအများဆုံးအသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။ ဟော့ဖန်ဟိမ်းအတွက် ဂိုးများကို ပွဲအစ ၅ မိနစ်နှင့် ၇၇ မိနစ်တို့တွင် နောက်ချန်တိုက်စစ် တာဝန်ယူကစားသည့် ဖာမီနိုကသွင်းယူပြီး အထောင် တိုက်စစ်မှူး မိုဒက်စ်တီက ၆၇ မိနစ်နှင့် ၇၄ မိနစ်တို့တွင် နှစ်ဂိုး၊ ဗော်လန်းက မိနစ် ၅၀ တွင် တစ်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းဂိုးသွင်းအများဆုံးအသင်းမှာ ဝုဖ်ဘတ်ဖြစ်သည်။ အိမ်ကွင်းတွင် အနိုင်ဂိုးလေးဂိုးအထိ သွင်းပြနိုင်ခဲ့သည်။ ဂိုးသွင်းသူများမှာ နိုချီ၊ ဗီယာရင်ဟာ၊နယ်ဒိုနှင့် တူရှကီ တို့ဖြစ်ကြသည်။ ဝုဖ်ဘတ်မှာ ပထမပိုင်းတွင် ဂိုးသွင်း နိုင်ခြင်းမရှိသော်လည်း ၅၅၊ ၆၁၊ ၆၇မိနစ်နှင့် မိနစ် ၉၀ တို့တွင် လေးဂိုးအထိ သွင်းနိုင်ခဲ့သည်။အဖွင့်ပွဲစဉ်တုန်းက လက်ရှိချန်ပီယံကိုအကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည့် ဂလက်ဘတ် ယခုပွဲစဉ်(၂)တွင်မူ ပြိုင်ဘက်ကို အိမ်ကွင်းမှာ သုံးဂိုးပြတ်အနိုင်ယူကာ အများဆုံးဂိုးသွင်းနိုင်ခဲ့သည်။

ဂိုးနည်းသည့် သုံးပွဲထဲတွင် လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ် အဝေးကွင်းမှာ ဖရန့်ဖက်ကို တစ်ဂိုးတည်းသော ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲတစ်ပွဲအပါအဝင်ဖြစ်သည်။ ပြီးခဲ့သည့်ရာသီ အဝေးကွင်းရှုံးပွဲမရှိဆိုသည့် ရလဒ်ကောင်းကို ယခုရာသီမှာ ဆက်ထိန်းနိုင်ရန် ဂွါဒီယိုလာက ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် ရီဘာရီ၊ မန်ဇူကစ်၊ မူလာ တို့ကို ပွဲထုတ်ကစားစေခဲ့သည်။ ၁၃ မိနစ်တွင် မန်ဇူကစ်၏ အဖွင့်ဂိုးကို ပွဲပြီးသည်အထိ ထိန်းချုပ်ကစားပြခဲ့သည်။ ဂိုးထပ်မရခြင်းမှာ ဘိုင်ယန်ကစားသမားများ ရသည့် ဂိုးသွင်းခွင့်များကို အပိုင်နိုင်ဆုံးအသုံးမချနိုင်၍ ဖြစ်သည်။

လေဗာကူဆင် အဝေးကွင်းမှာ စတုဂတ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဝါဒါဘရီမင်အသင်းအိမ်ကွင်း ဝက်စ်ဆာစကေဒီယမ်မှာ အော့စ်ဘတ်ကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရသည့် ပွဲများမှာလည်း ဂိုးနည်းသည့်ပွဲများဖြစ်သည်။ ဝါဒါဘရီမင်သည် အဖွင့်ပွဲမှာ ဘရောင်ရှဝမ်ကို အနိုင်ရပြီး ယခု အော့စ်ဘတ်ကို အနိုင်ရ၍ နှစ်ပွဲကစား ခြောက်မှတ်ရအသင်းအဖြစ် ရပ်တည်ခွင့်ရခဲ့သည်။

နှစ်သင်းပေါင်း သွင်းဂိုးသုံးဂိုးဖြင့် ဂိုးများသည့်ပွဲတစ်ပွဲမှာ ဖရိုင်းဘက်နှင့် မိန့်စ်တို့၏ ပွဲဖြစ်သည်။ ဧည့်သည် မိန့်စ်က အိမ်ရှင်ဖရိုင်းဘက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့၍ မိန့်စ်သည် စနေနေ့ပွဲအပြီး ဘိုင်ယန်မြူးနစ်၊ လေဗာကူဆင်၊ ဝါဒါဘရီမင်တို့နည်းတူ နှစ်ပွဲဆက်အနိုင်ရသည့် အသင်းဖြစ်သည်။ နောက်ဆုံးပွဲတစ်ပွဲမှာ တနင်္ဂနွေနေ့က နောက်ဆုံးကစားသည့် ဒေါ့မွန်နှင့် တန်းတက် ဘရောင်ရှဝမ် တို့၏ ပွဲပင်ဖြစ်သည်။ ဒေါ့မွန်သည် အိမ်ကွင်းပွဲအဖြစ် ကစားရသော်လည်း အနိုင်ရလဒ်အတွက် ရုန်းကန်ခဲ့ရသည်။ ပထမပိုင်း ဂိုးမရှိသရေ၊ ၇၅ မိနစ်မှာမှ ဟော့မန်း၏ အဖွင့်ဂိုး၊ အနိုင်သေချာစေမည့်ဂိုးကို ၈၆ မိနစ်မာကိုဂူးစ်၏ ပင်နယ်တီဂိုးဖြင့် ရယူနိုင်သည်ကိုကြည့်လျှင် အိမ်ရှင်တို့ ရုန်းကန်ခဲ့သည်မှာ ပေါ်လွင်နေသည်။ သို့သော် နှစ်ဂိုး-တစ်ဂိုးဖြင့် ဘရောင်ရှဝမ်ကို အနိုင်ရခဲ့၍ ဒေါ့မွန်အသင်း ပွဲစဉ်(၂) အပြီး အမှတ်ပေးဇယားကို ထိပ်ဆုံးနေရာက ဦးဆောင်ခွင့် ရယူနိုင်ခဲ့သည်။ ကစားခဲ့သည့် ပွဲစဉ်(၂)၏ ကိုးပွဲစလုံးမှာလည်း အဖွင့်ပွဲစဉ် (၁) အတိုင်းပင် ပွဲတိုင်းဂိုးသွင်းသည့် ပွဲများဖြစ်နေသည်မှာ ထူးခြားမှုတစ်ခုဟု ဆိုရမည်သာ ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကြီးနှင့် ဆီးဂိမ်းပြိုင်ပွဲဝင် ယူ-၂၃ အသင်းတို့ခြေစမ်းမည်

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်ရန် ကိုယ်စီလေ့ကျင့်ပြင်ဆင် နေသည့် မြန်မာ့လက်ရွေးစင်(စီနီယာ) အသင်းကြီးနှင့် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲတစ်ရပ်ကို လာမည့် စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် စီနီယာအသင်းကြီးအနေဖြင့် အာရှချဲလင့်ဖလား (AFC Challenge Cup 2014) နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၄ ခုနှစ်တွင် ယှဉ်ပြိုင်ကစားရန်ရှိသကဲ့သို့ လာမည့် စက်တင်ဘာ ၆ ရက်တွင်လည်း FIFA နိုင်ငံတကာခြေစမ်းပွဲအဖြစ် ဟောင်ကောင်လက်ရွေးစင် အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ရှိနေသည်။ စီနီယာအသင်းကြီးတွင် နည်းပြချုပ်အဖြစ် ဦးဆန်းဝင်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၂၁ ရက်မှ ၃၁ ရက်အထိ (နေ့စဉ် ညနေ ၃ နာရီမှ ၅ နာရီအထိ) အောင်ဆန်းကွင်း၌ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ ယင်းနောက် စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်း၊ မြန်မာ့လက်ရွေးစင် အသင်းအဆောင်တွင် စခန်းသွင်းလေ့ကျင့်မည်ဖြစ်သည်။

အလားတူ (၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် တောင်ကိုရီးယား နည်းပြ ပတ်ဆောင်ဟွာ၏စုဖွဲ့ပြင်ဆင်မှုဖြင့် လေ့ကျင့်နေသော မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းသည်လည်း စက်တင်ဘာ ၇ ရက်မှစတင်ကာ မလေးရှားနိုင်ငံတွင် မာဒေးကားဖလား သွားရောက်ကစားရန်ရှိနေပြီး နှစ်ကုန်ပိုင်းတွင် ဆီးဂိမ်းဘောလုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ သို့ဖြစ်ရာ ကိုယ်စီပြင်ဆင်လေ့ကျင့်နေသော လက်ရွေးစင်အသင်းနှစ်သင်း၏ ခြေစွမ်းနှင့် အသင်းလိုက်စွမ်းဆောင်မှုကိုသိရှိစေရန် ခြေစမ်းပွဲစီစဉ်ကျင်းပရခြင်းဖြစ်သည်။

အဆိုပါခြေစမ်းပွဲအတွက် ကွင်းဝင်ကြေးကို ရိုးရိုးတန်း ကျပ် ၅၀၀ နှင့် အထူးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ရုပ်သံမှထုတ်လွှင့်ပြသနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ **(ဇော်မင်းအောင်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၈-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၇း၂၀	စာပေအလင်းစာပေသတင်း
၈း၀၀	မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၃၅	ဇာတ်လမ်းတို
၄း၁၅	လျှပ်တစ်ပြက်
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်သစ်အချစ် အပိုင်း(၂၂)
၆း၂၅	ကာတွန်းအစီအစဉ် -အာကာသူရဲကောင်းလေးများ (အပိုင်း-၁၂၅)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချိုမြိန်သောဘဝ (အပိုင်း-၃၉) -ရယ်စရာပျော်စရာဟာသကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကိုယ်ယုံကြည်သောချစ်ခြင်းဖြင့် (အပိုင်း-၂၇)

အားကစား မြင့်တင်စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မုံလယ်ဝါတွင်းတရားစခန်းပွဲနှင့်ထေရာဝါသ ကျောင်းဆောင်သစ်ရေစက်ချပွဲ

မိုးကုတ်ဝိပဿနာပြန့်ပွားရေး မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း ပဲခူးမြို့တွင် ဝါတွင်း ဒုတိယပတ်(၇)ရက်တရားစခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်မှ ၁၄ရက်အထိ) ၂၉-၈-၂၀၁၃ရက်မှ ၄-၉-၂၀၁၃ရက် အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများသည်၊ အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ ယူဆောင်လျက် ၂၈-၈-၂၀၁၃ရက် နံနက် ၇နာရီထက်မစော၊ ညနေ ၄ နာရီထက်နောက် မကျစေဘဲ တရားစခန်းသို့ ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့် ဒုလ္လဘ သီလရှင်များ လက်မခံပါ။

၎င်းမုံလယ်တောရဓမ္မရိပ်သာတွင် မိဘနှစ်ပါးအား ဦးထိပ်ထားလျက် အလှူရှင် နေစီဗဆွေဆောက်လုပ်လှူဒါန်းသည့် ထေရာဝါသကျောင်းဆောင်သစ် ကျောင်းလွှတ် လှူဒါန်းပွဲအခမ်းအနားကို တရားစခန်း၏ သတ္တမနေ့ဖြစ်သော ဝါခေါင်လကွယ်နေ့ ၄-၉-၂၀၁၃ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ယောဆရာတော်ကြီး ကိုယ်တိုင်ကြွရောက်၍ ရေစက်ချတရားဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် အလှူရှင်မိသားစုများနှင့်အတူတကွ တရားတော်နာကြွရောက်ကြပါရန် ဓမ္မမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

မူလစီစဉ်ထားသည့် အုတ်တံတိုင်းနှင့်ခြံစည်းရိုး ရေစက်ချအခမ်းအနားကို ဝါတွင်း တတိယပတ် တရားစခန်းသို့ ပြောင်းရွှေ့လိုက်ပါကြောင်း အလှူရှင်များအား အသိပေး အပ်ပါသည်။

အကြောင်းစုံသိလိုပါက။ ။ ဖုန်းနံပါတ်- ၀၉-၈၆၅၀၉၄၇၊ ၀၉၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၃ သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

"စာအုပ်ထုတ်ဝေရေးလောက၏ အနာဂတ် အလားအလာ" ဟောပြောပွဲ

မြန်မာနိုင်ငံသား တစ်ဦးဖြစ်သူ 'ဦးဂျွန်သက်' သည် စင်ကာပူနိုင်ငံတွင် နေထိုင်လျက် Asian Geographic မဂ္ဂဇင်း အပါအဝင် မဂ္ဂဇင်း (၆) စောင် ထုတ်ဝေပြီး နိုင်ငံအသီးသီးမှ ချီးမြှင့်သောဆုပေါင်း ၂၈ ဆုအားလည်း ရရှိထားသူ ဖြစ်ပါသည်။ 'ဦးဂျွန်သက်' က သူ၏ လက်တွေ့ဖြတ်သန်းရသော ပုံနှိပ်မီဒီယာနှင့် စာအုပ်လောက၏ အခက်အခဲများ၊ ရှေ့ဆက် ရင်ဆိုင်ရမည့် အနာဂတ် အလားအလာများနှင့်အတူ ကျော်ဖြတ်နိုင်မည့် နည်းလမ်းများအားလည်းကောင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ ပြန်ကြားရေးမှူး၊ ဒေါ်နန်းကလျာဝင်းက ၂၀၁၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပခဲ့သော 'အာရှစာပေ ထုတ်ဝေသူများအသင်း' ညီလာခံ၏ အတွေ့အကြုံများအားလည်းကောင်း မျှဝေဟောပြောမည် ဖြစ်ပါ၍ စာပေထုတ်ဝေဖြန့်ချိရေး နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို(အခမဲ့) တက်ရောက် နားထောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဟောပြောမည့်နေ့ ။ ။ ၂၄- ၈-၂၀၁၃ (စနေနေ့)
ဟောပြောမည့်အချိန် ။ ။ နံနက် ၉ နာရီမှ ၁၂ နာရီထိ
ဟောပြောမည့်နေရာ ။ ။ UMFCCI, မင်းရဲကျော်စွာလမ်း။

ပွဲဖြစ်မြောက်ရေး ကော်မတီ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်း

ရောင်းမည်

သမိုင်းဘူတာရုံလမ်း ပေ(၂၅×၅၀) ဒုထပ် သိန်း(၄၅၀) (ညှိ) ပါရမီအဝေးပြေးအနီး ၁၈ပေ×၅၅ပေ မြေညီ/ဒုထပ် သိန်း(၆၀၀/ ၃၅၀) (ညှိ) (ပွဲစားမလို) ဖုန်း-၀၉-၅၀၁၈၀၇၆၊ ၀၉-၃၁၅၄၈၃၄၈

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၃၆၊ မြေကွက်အမှတ်(၃၀)၊ မြေကွက်တည်နေ ရာအမှတ်(၃၀)(၁၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဦးအေးကိုအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေးကို[၁၂/ကတတ(နိုင်)၀၀၉၈၀၈] က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာ (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပုံနှိပ်ဒေသ ဂျာနယ်

၁၉၈၈ သမိုင်းစာမျက်နှာကို ပိတ်ချင်လျှင် ထိုစဉ်ကဖြစ်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်ရန်လိုအပ်ကြောင်း ပြောကြားသည့် ခရစ္စတိုဖာဂန်းနက်စ်၊ နိုင်ငံရေးပါတီ ထူထောင်သည်ဆိုသည်မှာ အစိုးရကိုဆန့်ကျင်ရန် စုဝေးကြခြင်းမဟုတ်ကြောင်းပြောကြားသည့် ဦးဖြိုးမင်းသိန်း၊ ကမ္ဘာ့အလယ်မှာ မိန်းမကောင်းက မိန်းမပျက်ကိုကြည့်သော မျက်လုံးမျိုးဖြင့် အကြည့်ခံရသော မျက်နှာငယ်မ အဖြစ်သို့ ပြောင်းလဲသွားသည့် နိုင်ငံတစ်ခုအကြောင်း ဇေယျာမိုးမြင့်စံ၏ သုံးသပ်ချက်၊ စာရေးဆရာမင်းလူသို့ ဇော်ငြိမ်းလတ်၏ အလွမ်းစာ၊ တရားမျှတစွာဆောင်ရွက်ရမည့် မြေယာပြဿနာများအကြောင်း ကိုကိုထွေး၏ သုံးသပ်ချက်များ အပါအဝင် စသည်တို့နှင့်အတူ ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ၊ ပြောင်းဖူးရိုး၏ ခေတ်သစ်သင်ပုန်းကြီး၊ နေဘုန်းလတ်၏ ဖေ့စ်ဘွတ်ခ်ဂယက်များဖြင့်. . . .ထွက်ပြီ

အခန်းအမှတ်(၄၀၁)၊ တိုက်(၁၇)၊ ၃လွှာ၊ ၅၂ လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၉၀၁၀၅၀၁

ရေခဲမုန့်၊Snack၊ဖျော်ရည်၊သစ်သီးယို၊မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်

EAC

အပတ်စဉ် တနင်္လာနှင့် ကြာသပတေးနေ့တိုင်း သင်တန်းစတင်ပါသည်။
ရေခဲမုန့်စက်နှင့်အပိုပစ္စည်း။အအေးဆိုင်သုံးယိုဒယား၊ကုန်ကြမ်းများ ရနိုင်ပါသည်။

Dimsum၊ တရုတ်၊ ရှမ်း၊ အစားအစာ သင်နိုင်သည်။

76,ဗိုလ်ဥတ္တမလမ်း၊ဟားဂရာမီးပွိုင့်ကုန်းပေါ်၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်။ 0973071901

နန်းထိုက်တော်ဝင် သင်တန်း၊ ၂၉ × ၇၂ လမ်းဒေါင့်၊ မန္တလေး။ 02-31505 | 09 42174 5522, 01-215072

လူပျောက်ကြော်ငြာ

မချိုချိုသိန်း[၈/မကန(နိုင်)၁၂၅၂၈၇]မိဘများစိတ်ပူ နေကြသည်။ ကိစ္စအားလုံးခွင့်လွှတ်သည်။ ရောက်ရာအရပ်မှ မိဘများထံ အမြန်ဆုံး ဆက်သွယ်ပါ။ တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။

ချိုချိုသိန်းရဲ့ အန်တီလဲစိတ်ပူနေပါသဖြင့် အမြန်ဆက်သွယ်ပါ။

မိဘများ-ဖုန်း၀၉-၄၂၀၁၂၁၁၅၃၊ ၀၉-၃၃၀၁၁၅၇၅

အန်တီ ဖုန်း-၀၉-၆၅၆၁၃၄၀

ကလောမြို့တွင် ရေမြောင်းတူးရာမှ ကျည်ဆန်များတွေ့ ပလောင်တောင်လိမ္မော်ခြံမှလည်း သေနတ်များ ဖမ်းဆီးရမိ

ကလော ဩဂုတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၃)ရပ်ကွက်တွင် ရေမြောင်းတူးရာမှ ကျည်ဆန်များတွေ့ရှိပြီး ပလောင်တောင် လိမ္မော်ခြံအစောင့်နေအိမ်မှ သေနတ်နှစ်လက်နှင့် ကျည်မျိုးစုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၃)ရပ်ကွက် သစ္စာနယ်မြေလမ်း သစ္စာနယ်မြေခြံအနီး ရေစီးရေလာကောင်းရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းနှင့် ရပ်ကွက်သူရပ်ကွက်သားများ စုပေါင်း၍ ရေမြောင်းသန့်ရှင်းရေး တူးဖော်နေကြစဉ် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အနက်တစ်ပေခန့် မြေကြီးအတွင်းမှ ပွိုင့်-၃၀၃ ကျည်ဆန် ၂၅၀ တောင့်နှင့် ကျည်ဆန်အခွံ ၃၂၅ ခွံတို့ တူးဖော်တွေ့ရှိခဲ့ကြသဖြင့် ကလောမြို့နယ်မှူးရုံးသို့ သွားရောက် သတင်းပေးပို့ကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးဆွေဦးနှင့်ရဲတပ်ဖွဲ့ဝင်များ သွားရောက်လက်ခံယူခဲ့ကြသည်။

ထို့အတူ ကလောမြို့နယ် ပိန္နဲပင်ကျေးရွာ ပလောင်တောင်လိမ္မော်ခြံနေ စိုင်းကော်ခမ်း(ခ)အိုက်ကော် ဥယျာဉ်ခြံစောင့်လုပ်ကိုင်နေထိုင်သော လိမ္မော်ခြံတွင် ဩဂုတ် ၁၆ ရက် နံနက် မိနစ် ၃၀ တွင်လည်း ကလောမြို့နယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းနှင့် နယ်မြေခံလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သတင်းအရ ရှာဖွေခဲ့ကြရာ အမ်-၁၆ဒင် မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၇ ဒသမ ၆၅ မီလီမီတာ (32)ပစ္စတိုသေနတ် တစ်လက်၊ တစ်လက်မ ၉ မမ ကျည်ဆန် ၄၅ တောင့်၊ ၅ ဒသမ ၅၆ မီလီမီတာ ကျည်ဆန် ၁၅ တောင့်၊ ပွိုင့်-၃၀၃ ရိုင်ဖယ်ကျည်ဆန်အတောင့် ၁၃၀၊ ပွိုင့် ၃၀ မမ ကျည်ဆန်အတောင့် ၃၀၊ ပွိုင့်-၁၂ မမ ကျည်ဆန် ၁၄ တောင့်၊ BA- ၉၁ လက်ပစ်ဗုံး စနက်တံ နှစ်ခုနှင့် ကျည်ဆန်အိမ်မျိုးစုံ ၁၁ ခုတို့ကို ရှာဖွေသိမ်းဆည်းဖမ်းမိခဲ့ကြသည်။

အဆိုပါလက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူ လိမ္မော်ခြံစောင့် စိုင်းကော်ခမ်း(ခ)အိုက်ကော်အား ကလောမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဇော်သိန်းရီ)**

အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ပဲခူး ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် စစ်တောင်း-ဒိုက်ဦးလမ်းဆုံ စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်စီးဆင်းမှု တားဆီးနှိမ်နင်းရေးအဖွဲ့ MOBILE TEAM-2 မှ ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း(အဖွဲ့ခေါင်းဆောင်) ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ယာဉ်မောင်းဦးဝင်းနိုင် မောင်းနှင်လာသော ၃ခ/--- Shan Star Jeep ကို စစ်ဆေးရန်ရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေး၍ လိုက်လံဖမ်းဆီးရှာဖွေခဲ့ရာ အကောက်ခွန်မဲ့ ပုစွန်နှစ်ကောင်တံဆိပ် (၁၈)လီတာဆံ့ ဆီပုံးအဝါရောင် ၂၅ ပုံး၊ နှစ်လီတာ ခြောက်ဘူးဝင် ၄၁ ဖာ၊ Birdy တံဆိပ်ကော်ဖီမစ် လေးဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၀၀၀)တို့အား သိမ်းဆည်းရရှိခဲ့ပြီး ဩဂုတ် ၁၉ ရက် နံနက် ၁ နာရီခန့်တွင် ယာဉ်မောင်းဦးဝင်းနိုင် မောင်းနှင်လာသော ၄ဃ/--- Fuso ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဂျူတီပါစာရင်းတွင် ပုစွန်နှစ်ကောင်ဆီပုံးဟု ရေးသွင်းထားသော်လည်း ယာဉ်ပါကုန်ပါအလေးချိန်အား သံသယရှိ၍ လျှပ်တစ်ပြက်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Birdy တံဆိပ်ကော်ဖီမစ် ၈၆၄ ဖာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၄ သိန်း)ကျော် ဖမ်းဆီးရမိသည့်အတွက် အဆိုပါအကောက်ခွန်မဲ့ပစ္စည်းများကို အကောက်ခွန်ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မိုးဝင်းသူ-ပဲခူး)

ရေသွယ်မြောင်းအတွင်း ရေနစ်သေဆုံးမှုဖြစ်ပွား

သနပ်ပင် ဩဂုတ် ၂၀

သနပ်ပင်မြို့နယ် သုံးခွကျေးရွာ လယ်ကွင်းဘေးရှိရေသွယ်မြောင်းအတွင်း၌ ဩဂုတ် ၁ ရက်တွင် ရေနစ်သေဆုံးမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ သုံးခွကျေးရွာ လယ်ကွင်းဘေးရှိ အကျယ် ၁၀ ပေ၊ အနက် လေးပေရှိ ရေသွယ်မြောင်းအတွင်း၌ ကိုကျော်နိုင်(၄၅)နှစ် သုံးခွကျေးရွာနေသူသည် မှောက်လျက်သေဆုံးနေကြောင်း သေဆုံးသူ၏ ဇနီး ဒေါ်စန်းစန်းအေးက ဩဂုတ် ၁ ရက် ညနေ ၃ နာရီခွဲတွင် သနပ်ပင်ရဲစခန်းသို့ သတင်းပေးအကြောင်းကြားသဖြင့် သနပ်ပင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးနိုင်ဝင်းက အလောင်းအား သနပ်ပင်ဆေးရုံသို့ ဆေးစာဖြင့်တင်ပို့ပြီး သနပ်ပင်ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၆/၂၀၁၃ ဖြင့်အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရဲထွန်း-မင်းရွာ)

ခါးပိုက်နှိုက်သူများအား ဖမ်းဆီးရမိ၊ ပြစ်ချက်ဟောင်းရှိသူများဖြစ်နေ

ရန်ကုန် ဩဂုတ် ၂၀

ဩဂုတ် ၁၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း ပေါက်တောဝကားမှတ်တိုင်၌ ခါးပိုက်နှိုက်ဖမ်းဆီးရေးတာဝန် ဆောင်ရွက်လျက်ရှိစဉ် ယာဉ်လိုင်းအမှတ်(၂၂၄)ပေါ်မှ ဆင်းလာသော လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ ညီညီ(၁၅) ရပ်ကွက်၊ အောင်မျိုးမင်း(၁၈)ရပ်ကွက်၊ အောင်ကျော်(ခ)အောင်ကြီး (၁၃)ရပ်ကွက်နေသူတို့အား သက်သေများရှေ့ရှာဖွေရာ ညီညီဝတ်ဆင်ထားသည့်အင်္ကျီအိတ်ကပ်အတွင်းမှ ငွေစက္ကူရောရာ ကျပ် ၁၇၀၀၀ အား တွေ့ရှိရ၍ စစ်မေးရာ ၎င်းတို့သုံးဦးသည် အဆိုပါယာဉ်အား လှိုင်သာယာရုံးရှေ့မှတ်တိုင်မှ စီးနင်းလိုက်ပါခဲ့ကာ အင်းစိန်မြို့နယ် ကမ်းနားမှတ်တိုင်တွင်ဆင်းသွားသည့် အသက်(၃၅)နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်ကို အောင်မျိုးမင်းနှင့်အောင်ကျော်(ခ)အောင်ကြီးတို့က ၎င်းတို့၏ဘေးလွယ်အိတ်ဖြင့် တိုးဝှေ့လုပ်ကာပေးပြီး ညီညီမှဇစ်ဖွင့်နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အင်းစိန်မြို့နယ်ရဲစခန်းမှ (ပ)၈၆၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉(နှိုက်)/၅၄ဖြင့် အရေးယူဆောင်ရွက်ထားရှိပြီး ကြွေးကျန်အမှုများနှင့် တိုက်ဆိုင်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝ၄ဝ)**

လမ်းလျှောက်နေသူအား ကားဖြင့်ဝင်တိုက်၊ တစ်ဦးသေ

ရန်ကုန် ဩဂုတ် ၂၀

ဩဂုတ် ၉ ရက် ည ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ပြည်မြို့နယ်နေ ယာဉ်မောင်းဦးမင်းဦး (၅၃)နှစ်သည် ကိုယ်ပိုင်ယာဉ် ပရိုဘောက်စ် ၁ခ/--- အား တိုက်ကြီးမြို့နယ် ရန်ကုန်ပြည်လမ်းအတိုင်း ပြည်ဘက်သို့မောင်းနှင်လာရာ မိုင်တိုင်အမှတ်(၆၆/၆) အနီးအရောက် ယာဘက်လမ်းစပ်မှ လမ်းလျှောက်သွားနေသော ဥက္ကံမြို့နေ ဦးလှမိုး (၅၀)နှစ်နှင့် သမီး မသဇင်မိုး (၁၆)နှစ်တို့အား နောက်မှဝင်တိုက်ရာ နှစ်ဦးစလုံးဒဏ်ရာများရရှိပြီး မသဇင်မိုးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ဥက္ကံမြို့နယ် မြို့မရဲစခန်းက ယာဉ်(ပ)၁၂/၂၀၁၃၊ ပုဒ်မ ၃၀၄-က/၃၃၇ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **(၃၁)**

ထပ်ဆင့်အကယ်ဒမီ ဒေါ်မြင့်မြင့်ခိုင်၏
Supreme Broadway Institute (SBI)
အနုပညာသရုပ်ဆောင်သင်တန်းအပတ်စဉ်(၃)

(၁) သင်တန်း၌၊ ဝါရင့်သမ္မာရင့်- ရုပ်ရှင်၊ ဗီဒီယိုပညာရှင်များ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များ ကိုယ်တိုင်အထူးသင်ကြားပေးခြင်း။
(၂) သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ ကွင်းဆင်းရိုက်ကူးခြင်း။
(၃) (က) အဓိကသရုပ်ဆောင်၊ (ခ) ဇာတ်ပို့၊ ဇာတ်ရန်ပညာနှင့် (ဂ) ဒါရိုက်တာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းသင်တန်း
(၄) တေးသီချင်းသီဆိုမှုနှင့် **Dancer** အကပို့ချခြင်း။
(၅) သင်တန်းကာလအတွင်း၌ (စိမ်း၊ ဝါ၊ နီ) ရုပ်ရှင်၊ ဗီဒီယိုမှ ထုတ်လုပ်သော ဇာတ်ကားများတွင် ပါဝင်စေရန်အတွက် ရည်ရွယ်ပါသည်။
(၆) အပတ်စဉ်(၁) သင်တန်းသူ/သားများကို စိမ်း၊ ဝါ၊ နီ ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးသော (ဒီဇင်ဘာရဲ့ညတစ်ည) ဇာတ်ကားတွင် ရိုက်ကူးပေးပြီးဖြစ်ပါသည်။
* နယ်မှ တက်ရောက်လိုသူများအတွက် ကျား/မ ဘော်ဒါလက်ခံပါသည်။
လျှောက်လွှာများ စတင်ဝယ်ယူနိုင်ပါသည်။

ဝယ်ယူရမည့်နေရာ
ရန်ကုန် **YMCA**-အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန်ဖုန်း-၂၉၆၀၇၄၊ ၂၉၄၁၂၈၊ ဝ၉ ၅ဝ၄၉၁၇၇၊ ဝ၉၇၃၂၄၄၃၄၄၊ ၂၉၄၁ဝ၉

Car Rental ၆၂
09-73211079
09-49250637
09-420073607
ခရီးစဉ်အမျိုးမျိုးနှင့်မြို့တွင်း/မြို့ပြင်လချုပ် "ကားသစ်မျိုးစုံငှားရန်ရှိသည်"
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဖိတ်ကြားခြင်း

အထက၊ ဒဂုံ(၁)မှ ၂၀၁၂-၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းထိ ပညာသင်ကြားပေးခဲ့ပါသော ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါကြောင့် အောက်ပါအချိန်အတိုင်း တက်ရောက်ပေးပါရန် ကျောင်းသား၊ ကျောင်းသူများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၈-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ဒဂုံသီရိခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၁၂)၊ အမှတ် (၂၄)
- ပတ်စ်ပို့စာအုပ်ထဲက ဓာတ်ပုံရုပ်ဆိုး၍ တိုင်ကြားသူများရှိ
- ခွေးရူးရောဂါ (သို့မဟုတ်) သေမိန့်
- ထုတ်နိုင်သည့် ပမာဏထက် ပြည်ပအမှာများ ပိုလက်မခံရန် အထည်ချုပ်လုပ်ငန်းရှင်များကို တိုက်တွန်း
- အစိုးရသစ်လက်ထက်တွင် ဥပဒေ ၆၃ ခု ပြဋ္ဌာန်းပြီး
- အချိန်သုံးနာရီခွဲတိုင်း ယာဉ်တိုက်မှုကြောင့် လူတစ်ဦး သေဆုံးနေ
- သုံးပါတ်အတွင်း ထင်ရှားသည့် စာရေးဆရာ၊ သတင်းစာ ဆရာ၊ အနုပညာရှင်ငါးဦး ကွယ်လွန်
- ကျောက်တုံးကို လက်နက်အဖြစ် သုံးတတ်သော မြန်မာမျိုးရင်း မျောက်မြီးရှည်များကိုလေ့လာမည်
- မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေ အတွင်းရေးမှူးနှင့် တွေ့ဆုံခြင်း
- ဝန်ကြီးများ ကတိတည်ပါစေ/ နေရစ်တော့ ဇုန်ကားခေတ် စသော အထူးဆောင်းပါးများနှင့်အတူ 7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂ မျက်နှာကို မေတ္တာလက်ဆောင်ထည့်သွင်းပေးထားပါသဖြင့် ဂျာနယ်အရောင်းဆိုင်များတွင် တောင်းယူနိုင်ပါသည်။

တစ်ပတ်အတွင်း ပြည်တွင်းပြည်ပသတင်းများကို တစ်စောင်တည်းဖတ်ရုံဖြင့် ပြည့်ပြည့်စုံစုံသိလိုလျှင် 7Day News ကိုရွေးလိုက်ပါ
ဆက်သွယ်ရန်ဖုန်း-၀၉- ၅၃၀၃၂၀၀၆
သတင်းထူးများ၊ ဆောင်းပါးများနှင့် အထူးသတင်းပေးပို့ချက်များ ကဏ္ဍစုံလင်စွာဖြင့်. . .

ကန့်ကွက်နိုင်ပါသည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများအတွက် ထုတ်ပေးထားသော သရုပ်ဆောင်ဦးကျော်ရဲအောင် (ကိုကိုနိုင်) [၁၂/မရက(နိုင်)၁၁၁၀၀၀]၏ မြေကွက်အမှတ် ၆၀/၁၇၈၉ ၏ မြေကွက်စလစ်နှင့်ငွေသွင်းချလန် ပျောက်ဆုံးနေပါ၍ ၎င်းမြေကွက်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ထောက်ခံချက်ဖြင့်အိုးအိမ်သို့ ဂရန်ထုတ်ယူမည်ဖြစ်ရာ ကန့်ကွက်မည့်သူများရှိပါက ကြော်ငြာပါပြီး (၇)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်မိုးသီတာပုလဲ[၁၂/မဂတ(နိုင်)၀၅၂၁၉၅]
အခန်းအမှတ်(၃၀၁)၊ တိုက်(၄)၊ ၈လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်
ဖုန်း-၀၉၄၅၀၀၃၄၀၇၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ ကော်ဇောအမျိုးမျိုးအား အိတ်ဖွင့်တင်ဒါဖြင့်ရောင်းချလိုပါသည်။

(က)	ကော်ဇော P.P	(၂၃)မျိုး	1 Lot
(ခ)	Polypropylene L.D	(၁၀)မျိုး	1 Lot

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၉-၈-၂၀၁၃ ရက်မှစတင်ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၁၂-၉-၂၀၁၃ ရက်၁၃း၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း- ၀၉၅၀၀၅၃၀၁၊ ၀၆၇၄၁၁၂၂၊ ၀၆၇၄၁၁၁၄

၆၂ နဲ့ ခရီးသွားရတာ အရမ်းအဆင်ပြေတယ်ဆိုတဲ့! မိတ်ဟောင်းမိတ်သစ်များအတွက်
တောင်ကြီးသီးသန့်ခရီးစဉ် "စိတ်ချမ်းသာမှုတစ်ခုကို ခရီးသွားခြင်းဖြင့် ရယူလိုက်ပါ။"
(မှန်လုံအဆင့်မြင့်၊ Air-Con)ပါဧည့်သည်ကား
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော(ဘုရားစုံ)-မွေတော်ကျွန်-ထမ့်စမ်း
ကံ့လုံဆရာတော်၏ ထူးခြားဖြစ်စဉ် ဖူးမြော်ရန် (အထူး)
ဟိုတယ်အိပ်/စား/စက်လှေခ (ငြိမ်း)....၄ည/၅ရက်
ယခင်-240000 Sep-6-20
50% Discounts 120000
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ ဘုရားစုံ (ရွယ်တော်လေးဘုရားပြည့်ငါးပြည့်အထူး)
(မှန်လုံအဆင့်မြင့်၊ Air-Con)ပါဧည့်သည်ကား
(၆၁)နှစ်ပြည့် အာဘထွက်ပွဲအထူး Sep (20)
ဟိုတယ်အိပ်/စား/စက်လှေခ/ကားခ (ငြိမ်း)....၃ည/၄ရက်
ယခင်-150000 Sep-6-20
50% Discounts 75000
ကုမ္ပဏီ အဖွဲ့အစည်းနှင့် မိသားစုများအတွက် စရိတ်ငြိမ်း ခရီးစဉ် ကားမျိုးစုံ ကားစီးလုံး ငှားစီစဉ်ပေးသည်။
Ph: 09-73211079, 09-49250637, 09-49734517, 09-420073607

ပြည်တွင်းရေးရာ

မြင်ကွန်းမြို့ဟောင်းမှ လေးမျက်နှာဂူဘုရား

မြင်ကွန်းမြို့ဟောင်းသည် မကွေးမြို့နှင့် သိပ်မဝေးလှပါ။ ဧရာဝတီမြစ်ကြောင်းမှသွားလျှင် ရေမိုင် ၁၀ မိုင်ခန့်သာ ဝေး၍ ကားလမ်းမှသွားလျှင် ၂၃ မိုင်ခန့်ဝေးသည်။ သမိုင်းစဉ်အရဆိုရသော် မင်းတုန်းမင်းကြီး၏သားတော် မြင်ကွန်းမင်းသားအပိုင်စားရသော မြို့ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်က မြို့သူကြီးအဆင့်အုပ်ချုပ်သောကြောင့် မြင်ကွန်းမြို့အဖြစ် လူသိများခဲ့သည်။ ယခုတိုင်လည်း ဒေသခံများက မြင်ကွန်းမြို့ဟုခေါ်ကြသည်။ လက်ရှိတွင် ရွာ ၁၀ ရွာ ပါဝင်သော တိုက်နယ်အဆင့်ဖြစ်သည်။ အိမ်ခြေ ၁၃၀၀ ကျော် လူဦးရေ ၅၀၀၀ ကျော်ရှိသောကြောင့် ရွာကြီးလည်းမက မြို့လည်းမကျဖြစ်နေသည်။ အများစုသည် ယာကိုအားထား၍ လုပ်ကိုင်ကြကာ မြေပြန့်၍ ယာလည်းကောင်းကြသဖြင့် စီးပွားရေးချောင်လည်ကြသည်။

မြင်ကွန်းသည် ပုဂံခေတ်က ပုဂံအင်ပါယာအတွင်း ပါဝင်ခဲ့ကြောင်း လက်ရှိတွင် မြင်ကွန်း၌တွေ့ရသော ပုဂံခေတ်လက်ရာ ဘုရားစေတီ၊ ဂူကျောင်း၊ ကျောက်စာများ အရ လေ့လာသိရှိရသည်။ မြင်ကွန်းတွင်ဘုရားစေတီဂူကျောင်း စုစုပေါင်း ၆၀ ခန့်ကျန်ရှိ၍ ပုဂံခေတ်တွင် ရေးထိုးထားသော ကျောက်စာများအား ခုနှစ်၊ သက္ကရာဇ်များနှင့်တကွ တွေ့ရှိရပြီး ကျောက်စာအားလုံးကို ရှေးဟောင်းသုတေသန ဦးစီးဌာနက ကျောက်စာရုံငါးခုဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားသည်။

မြင်ကွန်း၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ အင်းကုန်းရွာအနီးတွင် လေးမျက်နှာဂူဘုရားကိုတွေ့ရသည်။ လေးမျက်နှာဘုရားကို မြန်မာသက္ကရာဇ် ၅၄၉ ခုနှစ်တွင် အုတ်မြစ်ချကြောင်း ကမ္ပည်းစာတွေ့ရသည်။ ဘုရားအနီးတွင် စေတီပျက် အမှတ် ၁၆၊ ၁၇၊ ၁၈ ကို တွေ့ရသည်။ လေးမျက်နှာဂူဘုရားအတွင်း ရုပ်ပွားတော်လေးဆူတွေ့ရသည်။ လေးမျက်နှာဘုရားတွင် "မကွေးသူမုဆိုးမကျောက်စာ၊ သူကြွယ်ငဝသင် အလှူကျောက်စာ၊ မြို့သူကြီး ရတနာဆန်ကျောက်စာ၊ သူကြွယ် ငဖုန်းဆမ်သင်အလှူကျောက်စာ၊ အနာထပိဏ်သူဌေးကျောက်စာ၊ ငကြံလှော်ကျောက်စာ၊ ငလစ်သင်မြေး ငချွန်အလှူကျောက်စာ၊ ငလမည်ကွန်အမိကျောက်စာ၊ ငလမစ်ဖိုင်အလှူကျောက်စာ စသည့် ၁၃ ရာစု မြန်မာကျောက်စာများကိုတွေ့ရသည်။ အစောဆုံးတွေ့ရသော ကျောက်စာရေးထိုးသည့် ခုနှစ်မှာ မြန်မာသက္ကရာဇ် ၅၉၂ ခုနှစ်ဖြစ်သဖြင့် ထီးလိုမင်းလိုမင်းကြီး လက်ထက်တွင်ရေးထိုးသည့် ကျောက်စာဟု ယူဆရသည်။ နောက်အကျဆုံးကျောက်စာရေးထိုးသည့်ခုနှစ်မှာ ၆၇၃ ခုနှစ်ဖြစ်သဖြင့် စောနစ်မင်းလက်ထက်တွင် ရေးထိုးသော ကျောက်စာဖြစ်ကြောင်း ယူဆရသည်။ စောနစ်မင်းသည် ပုဂံမင်းဆက် ၅၅ ဆက်တွင် ၅၄ ဆက်မြောက်မင်းဖြစ်ပြီး ထိုအချိန်က ပင်းယပထမမင်းဆက် တစ်စီးရှင်သီဟသူနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သည်။ လေးမျက်နှာဘုရားအတွင်း၌ အတွင်းနံရံအားထွင်း၍ လူတစ်ကိုယ်စာ တစ်ဆစ်ချိုးလှေကားအထက်လမ်းပါရှိပြီး စေတီ၏ အပေါ်ပစ္စယံသို့တက်၍ ရအောင်တည်ဆောက်ထားသည်။ ယင်းလက်ရာမျိုး ပုဂံဘုရားများတွင်လည်း တွေ့ရသည်။ လေးမျက်နှာဘုရားအတွင်းနံရံများတွင် ပုဂံခေတ်လက်ရာဆေးရေးပန်းချီများ ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာက သံဆန်ခါများ ကာရံထားသည်ကို တွေ့ရသည်။ (၃၃၃)

ပခုက္ကူမြို့ လုပ်သားအားမာန်ရက်ကန်း စက်မှုလက်မှု သမဝါယမအသင်း ပွင့်လင်းမြင်သာစွာဆောင်ရွက်မည်

ပခုက္ကူ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၂)ရပ်ကွက် မြို့မလမ်းရှိ လုပ်သားအားမာန်ရက်ကန်း စက်မှုလက်မှုသမဝါယမအသင်းလီမိတက်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် ယင်းသ/မ အသင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် သဘာပတိ ဦးဟန်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက သမဝါယမဦးစီးဌာန၏ ဦးတည်ချက် နှစ်ရပ်၊ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်း၏အမှုဆောင်များနှင့် အသင်းသားများသည် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ဟန်ချက်ညီညီ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်မှသာ အောင်မြင်တိုးတက်မည့် အကြောင်း ပြောကြားသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အသင်း၏ဘဏ္ဍာရေးစာရင်းရှင်းတမ်းကို အဖွဲ့ဝင်ဦးသာဌေးက ဖတ်ကြားပြီး သဘာပတိထံ အတည်ပြုချက်ရယူသည်။

အဆိုပါလုပ်သားအားမာန် ရက်ကန်းစက်မှုလက်မှုသမဝါယမအသင်းလီမိတက်တွင် ဥက္ကဋ္ဌအဖြစ် ဦးဟန်ဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်ဦးတင့်ဆွေ၊ အတွင်းရေးမှူး ဦးရဲလှ၊ အဖွဲ့ဝင်အဖြစ် ဦးသာဌေးနှင့် ဦးရွှေမောင်တို့ငါးဦးပါဝင်သော အမှုဆောင်အဖွဲ့ဖြင့် လုပ်ငန်းများ တိုးတက်ရန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဟု သိရသည်။

(အောင်-မန်းတက္ကသိုလ်)

လယ်မြေများ ရေကြီးနစ်မြုပ်မှုမှကာကွယ်

တောင်ငူ ဩဂုတ် ၂၀

ယခုနှစ် မိုးစပါးစိုက်ရာသီကာလအတွင်း ရေသွင်းရေထုတ်မြောင်းများအား အချိန်မီဆယ်တင်ပေးနိုင်ခဲ့ခြင်းကြောင့် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု၊ ကန်ရိုးကျေးရွာအုပ်စု၊ မဟင်ကျေးရွာအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စုများရှိ လယ်မြေများ ရေနစ်မြုပ်ဆုံးရှုံးမည့်အခြေအနေမှကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါလယ်မြေများအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ငါးရှဉ့်ချောင်းအား ဆယ်တင်ခြင်း၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်ရှိ တံတားအမှတ် ၁၈၀/၁၊၁၈၀/၂၊၁၈၀/၃ တို့ရှိ ရေထွက်ပြွန်ပေါက်များချဲ့ထွင်ဖောက်လုပ်ခြင်း၊ ကားလမ်းဘေး ရေမြောင်းများ ချဲ့ခြင်းတို့အား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က ရာသီချိန်အမီဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ခြင်းကြောင့် စစ်တောင်းမြစ်အတွင်းသို့ ချောင်းရေလွယ်ကူစွာ စီးဆင်းနိုင်ပြီး နှစ်စဉ်ကြုံတွေ့ရလေ့ရှိသော လယ်မြေများ ရေနစ်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ခဲ့ကြောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက "အရင်က ရေစီးဆင်းတာမမြန်တော့ နှစ်စဉ်စပါးစိုက်ရာသီတိုင်းမှာ ရေကြီးလေ့ရှိတယ်။တချို့နှစ်တွေမှာ စိုက်ပြီး လယ်တွေပျက်ပြီး အသစ်ပြန်စိုက်ရတာလည်းရှိတယ်။ ဒီနှစ်တော့ စပါးပင်တွေ တော်တော်မြင့်တဲ့အထိ ရေမကြီးဘူး။ တကယ်လို့ စစ်တောင်းမြစ်ရေတက်ရင်တောင်မှ မြစ်ရေကျတာနဲ့ လယ်ထဲကရေလည်း အမြန်ပြန်ကျနိုင်တယ်။ စပါးတွေကလည်း ရေကြီးတဲ့ဒဏ်ကို ခံနိုင်တဲ့အရွယ် ရောက်သွားပါပြီ" ဟု ပြောကြားသည်။ ရေသွင်း ရေထုတ်မြောင်းများအား အချိန်မီဆယ်တင်ပေးခြင်းကြောင့် ငါးဖယ်အင်း၊ မဟင်၊ ကန်ရိုး၊ သဖန်းပင်ကွင်းများရှိ လယ်မြေ ၆၃၁၃ ဧကအား ရေကြီးနစ်မြုပ်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ (၅၇၈)

အစိုးရ/စီးပွားရေးကြော်ငြာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေ တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	Currency
(က)	15(T)2/MR(E)	Spare Parts for Flash Butt Welding Machine and Ballast Regulator (166)Items	Euro
(ခ)	15(T)3/MR(E)	Mould and Accessories for Turnout PC Sleeper (Complete Set)(1:12)-1 Set & (1:8½)-1 Set	Euro
(ဂ)	15(T)4/MR(E)	ABS Plastic (58)M.Ton Colour Material (Black)(0.4)M.Ton	Euro
(ဃ)	12(T)8/MR(ISN)	Spare Parts for DEL(2000 HP,Alstom)(120)Items	Kyat
(င)	၁၆၉/မမ(CE)	Rivets (Assorted Size)(100000)Nos	Kyat
(စ)	၁၇၀/မမ(CE)	12.7 mm Ø ,Seven Strand Wire (150)M.Ton	Kyat
(ဆ)	၁၇၁/မမ(S&T)	ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း(၂)မျိုး Fiber Insulation Rail Joint (200)Sets, L.E.D Railways Signal Lamp with Installation (200)Set	Kyat
(ဇ)	၁၇၂/မမ(CME)	Raw Material (27)Items M.S Round Bar,M.S Pipe,Copper Pipe, M.S Hex; Bar, Copper Sheet	Kyat
(ဈ)	၁၇၃/မမ(CME)	Battery with Lead Acid (2V 250 Ah-4000 Nos)(12V 150 Ah & 200 Ah-400 Nos)	Kyat
(ည)	၁၇၄/မမ(CME)	11/0.4 KV, 315 KVA Transformer(2)Nos	Kyat
(ဋ)	၁၇၅/မမ(CMO)	ECG Machine(1)No	Kyat
(ဌ)	၁၇၆/မမ(CE)	သွပ်ပြား 7' x 9 Line x 30 G(0.3175 mmt)-(20000)Shts	Kyat
(ဍ)	၂၂၅/မမ(CE)	ပခုက္ကူကွန်ကရစ် ဇလီဖားစက်ရုံအရောက် ½" x ¾" ချိပင်ကျောက် (၁၈၀၀)ကျင်း	Kyat

-တင်ဒါပိတ်မည့် နေ့/အချိန် - ၁၉ . ၉ .၂၀၁၃ (ကြာသပတေး နေ့)(၁၂.၀၀)နာရီ

၂။ တင်ဒါပုံစံများ အောက်ဖော်ပြပါဌာနတွင် (၁၉.၈.၂၀၁၃)ရက်နေ့မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:-294352, 291985,291994

Aiming For Success

edexcel Approved Centre No. 93711

Myanmar Noble College တွင်ဖွင့်လှစ်မည့် BTEC HND သင်တန်းများ

- UK,Australia,Singapore & Malaysia နိုင်ငံများအပါအဝင်နိုင်ငံတကာတက္ကသိုလ်ကြီးများသို့တက်ရောက်၍ BE / BSc (Hons)ဘွဲ့များအား Myanmar Noble College မှတဆင့်UK နိုင်ငံ၏ Edexcel ပညာရေးအစီအစဉ်ဖြင့်ရရှိနိုင်မည့် BTEC HND သင်တန်းများအားဖွင့်လှစ်လျက်ရှိပါသည်။
- UK နိုင်ငံ၏ Edexcel ပညာရေးအစီအစဉ်အရနိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများကို ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်(Student Learning Centre)အတိုင်းသင်ကြားပို့ချလျက်ရှိပြီး၊နှစ်စဉ်(၆)လတစ်ကြိမ် External Verifier (နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်) မှဘာသာရပ်အလိုက်စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။
- သင်ယူနိုင်သော ဘာသာရပ်များ -
  - HND Engineering - Construction & the Built Environment
    - Electrical & Electronics
    - Mechanical
  - HND Business - Business
  - HND Computing - Computing & System Development
- အခြေခံပညာအထက်တန်းအောင်မြင်ပြီး ဝါသနာနှင့်စိတ်ကြိုက်ဘာသာရပ်ရွေးချယ်ခွင့်လွဲချော်ခဲ့သူများအတွက် မိဘ/အုပ်ထိန်းသူများ၏အကြံပြုချက်များအရတန်းခွဲသစ်တစ်ခုအား (၃၀.၈.၂၀၁၃) ရက်နေ့တွင်ဖွင့်လှစ်ပေးရန်စီစဉ်ထားပါသည်။
- မြန်မာနိုင်ငံတွင် နိုင်ငံတကာမှနိုင်မာစွာအသိအမှတ်ပြုသည့် နိုင်ငံတကာစံချိန်၊စံညွှန်းများနှင့်အညီစနစ်တကျသင်ကြားသော အအောင်မြင်ဆုံးတက္ကသိုလ်ဖြစ်ပါသည်။ယုံကြည်စိတ်ချစွာအပ်နှံပေးသည့် မိဘ/အုပ်ထိန်းသူများနှင့်တက်ရောက်လျက်ရှိသောကျောင်းသူ/ကျောင်းသားများကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Myanmar Noble College

No.(108), Hninsi Street (Upper), Ahlone Township, Yangon, Myanmar.

Ph : 01-220476 , 09-73163975

www.myanmarnoblecollege.com

မြန်မာတိုးရစ်များအတွက်အဆင့်မြင့်ခရီးစဉ်များ

(၂ည/၃ရက်) ချင်းမိုင်(သို့)ဖူးကတ်(သို့)စင်ကာပူ (၄ည/၅ရက်) ဗန်ကောက်၊ပတ္တရား (အပါအဝင်)

စက်တင်ဘာ ၂၄/၂၅ အောက်တိုဘာ ၁/၂

ဩစတြေးလျနှင့် ကနေဒါ အထူးခရီးစဉ်များ

Great Bamar Travels & Tours Co.,Ltd

၁၀၄/၁၁၂၊ဒုထပ်၊ အနော်ရထာလမ်း၊ ၃၇လမ်းထောင့်၊ ကျောက်တံတား၊ ဖုန်း ၊ ၃၈၃၆၂၈ ၊ ၀၉-၄၅၀၀၂၉၅၁၇

ဒီဇယ်၊တတ်ဆီ စက်ပြင်သင်တန်း (နေထိုင်မှုအခမဲ့)

၂၁၊အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့။

ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄၊ ၀၉ ၅၀၅၂၁၁၅

မမေ့စရာ အနုပညာ

ငါမကယ်ရင် မင်းသေတယ်

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

၁၉၂၀ ခုနှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ရာပြည့်ခရီးသို့ ဦးတည်ချီတက်လျက်ရှိသည်။ ကောင်းစေချင်၍ ဝေဖန်ကြသည်မှအပ မြန်မာ့ရုပ်ရှင်ကို မြန်မာတိုင်း နှစ်သက်မြတ်နိုးကြသည်။ လောကနိယာမအရ ယနေ့အသစ်သည် မနက်ဖြန်အဟောင်း၊ ယနေ့အဟောင်းသည် မနေ့ကအသစ်၊ သစ်ခြင်းဟောင်းခြင်းသည် အဓိကမဟုတ်၊ ကောင်းခြင်းဖြစ်ဖို့သာ လိုသည်။ အသစ်အသစ်သော မျိုးဆက်သစ်ရုပ်ရှင်ပညာရှင်များသည် တော်ကြ၊ ကျော်ကြသလို မျိုးဆက်ဟောင်းအနုပညာရှင်များသည်လည်း တော်ခဲ့၊ ကျော်ခဲ့ကြသည်။ တော်သူ၊ ကျော်သူတို့ဖြင့် လက်ဆင့်ကမ်းပုံဖော်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ငွေရတု၊ ရွှေရတု၊ စိန်ရတု ကာလများကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့ပြီး ယနေ့တိုင် ရှင်သန်ရပ်တည်နေဆဲ။

ပရိသတ်သည် ရုပ်ရှင်ကို ချစ်သလို၊ ရုပ်ရှင်အနုပညာရှင်များကိုလည်း ချစ်ကြ၊ ခင်ကြ၊ သံယောဇဉ်ကြီးကြသည်။ တစ်နည်း ယနေ့ခေတ်စကားဖြင့် ပြောရလျှင် ခရေဇီဖြစ်ကြသည်။ သာဓကအားဖြင့် တကယ့်အဖြစ်အပျက်လေးတစ်ခုကို ပရိသတ်များ ကြည်နူးပီတိဖြစ်စိမ့်သောငှာ ရှေးခေတ်ဟောင်းအောက်မေ့ဖွယ်အဖြစ် ဖောက်သည်ချချင်သည်။

ပရိသတ်အချစ်တော် ရုပ်ရှင်မင်းသားကြီး "ရွှေဘ"၊ ဝဏ္ဏကျော်ထင် အကယ်ဒမီလေးဆုရှင် ရုပ်ရှင်မင်းသမီးကြီး "ဒေါ်ကြည်ကြည်ဌေး"တို့အနေဖြင့် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရာနှင့်ချီ ရိုက်ကူးခဲ့ကြသလို ထိုသူတို့နှစ်ဦးတွဲဖက်ရိုက်ကူးခဲ့သော ဇာတ်ကားများသည်လည်း မနည်းလှ။ ၁၉၆၆ ခုနှစ် ဝန်းကျင်ခန့်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ်ကျေးရွာ ကထိန်ပွဲတစ်ခုတွင် ဒေါ်ကြည်ကြည်ဌေးကိုယ်တိုင် ပါဝင်လှူဒါန်းပြီး ညဘက်တွင် ကျေးရွာနေပြည်သူများအား ရုပ်ရှင်ပြစက်ဖြင့် ပြသဖျော်ဖြေသည်။ ဒေါ်ကြည်ကြည်ဌေးသည် ကိုယ်ပိုင်အားလပ်ရက်တွင် နယ်များသို့ ခရီးထွက်တိုင်း ရုပ်ရှင်ပြစက်အဖွဲ့ကို ခေါ်သွားလေ့ရှိသည်။ ထိုခေတ်၊ ထိုကာလက ယခုကဲ့သို့ စက်မှုနည်းပညာ မတိုးတက်သေးသည့်အတွက် ရုပ်ရှင်ပြသရာတွင် ပိတ်ကားထောင်၍ ပြစက်ဖြင့် ပြသကြရသည်။ 'ဒေါ်ကြည်ကြည်ဌေး'သည် 'ရွှေဘ'၏ သရုပ်ဆောင်ချက်များကို နှစ်သက်သလို ရွာသားများ၏ တောင်းဆိုချက်အရ "ရွှေဘ" နှင့် "ဒေါ်ကြည်ကြည်ဌေး"တို့ တွဲဖက်ရိုက်ကူးခဲ့သော ဇာတ်ကား စတင်ပြသသည်။

"ရွှေဘ"သည် သဘာဝမင်းသား၊ စတန့်မင်းသား။ "ရွှေဘ"ဇာတ်ကားများမှာ ဇာတ်နုမရှိ၊ ဇာတ်ကြမ်းများသာ၊ ထိုးကြိတ်သတ်ပုတ်ခန်းများမှာ အသက်ပါလှပြီး အသက်ရှူမှားစရာ၊ သည်းထိတ်ရင်ဖို၊ "ရွှေဘ"ဇာတ်ကားတိုင်း ရှေ့ပိုင်း "ရွှေဘ"အမြဲခံရပြီး နောက်ပိုင်း "ရွှေဘ"အနိုင်ရ ဇာတ်သိမ်းသည်။ "ရွှေဘ"ရှုံးပြီး ဇာတ်သိမ်းတာမျိုး ပရိသတ်လက်မခံ၊ အချို့သောနယ်ရုံများ၌ "ရွှေဘ"ခံရနေချိန် ကြာမြင့်ပါက ရုံဆူလာတတ်သည်။ ကြားကရုပ်ရှင်ပိတ်ကားက ပြောင်းဖူးရိုးစာ၊ ခဲစာခံရစမြဲ။ အကင်းပါးသည့် ရုံပိုင်ရှင်များက အသံချဲ့စက်ဖြင့် ကြားဖြတ်၍ "ပရိသတ်များ သည်းခံကြပါခင်ဗျား၊ "ရွှေဘ"မကြာခင် အနိုင်ရပါတော့မည်ဟု ကြေညာပေးမှ ပရိသတ်ကို ထိန်းလို့ရသည်။ တချို့ "ရွှေဘ"ဟု ခေါ်လျှင် မကြိုက်၊ "ဦးရွှေဘ" ဟုခေါ်မှ ကြိုက်ကြသည်။

ယခုလည်း ရွှေဘ၏ဇာတ်ကား စတင်ပြသရာ ရှေ့ပိုင်း ဇာတ်အိမ်ဖျိုးသည့်အတွက် နည်းနည်းအေးပြီး တဖြည်းဖြည်း ဇာတ်ရှိန်တက်လာရာ အကြမ်းအရမ်းဖိုက်တင်ခန်းသို့ အရောက် အပြန်အလှန်ထိုးကြိတ်သတ်ပုတ်နေရ၍ "ရွှေဘ" အနိုင်မရသေး၊ လှိမ့်ခံနေရဆဲ။ ပရိသတ်ကား မျက်တောင်မခတ်၊ အားမလိုအားမရ၊ ဖင်တကြွကြွ၊ "ရွှေဘ"က ရှေ့ကဝင်လာသည့် ရန်သူများကို အသေအလဲ မဲထိုးနေရသည့်အခိုက် "ရွှေဘ"နောက်မှ လူဆိုးတစ်ယောက် အတင်းပြေးဝင်လာပြီး ဓားနှင့်ခုတ်ရာ "ရွှေဘ" မသိဘူးထင်၍ ပရိသတ်ထဲမှ အသက်(၆၅)နှစ်ခန့်ရှိ ဦးလေးကြီးတစ်ဦး အလန့်တကြား အတင်းထအော်တော့သည်။ "ဟေ့ကောင် နောက်မှာ၊ မင်းနောက်မှာ"၊ တိုက်ဆိုင်စွာပင် "ရွှေဘ"ကလည်း လူဆိုးကို နောက်ပြန်ဆောင့်ကန်၊ သတ်ပုတ်။ လူဆိုးအားလုံးလည်း ဖလက်ပြ။ "ရွှေဘ"လည်း အနိုင်ရ။ ကလေးများကား ဂွမ်းထိုးသူထိုး၊ ပရိသတ်၏ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံများကား နားကွဲမတတ်၊ ပရိသတ်ငြိမ်အကျ "ရွှေဘ"မျက်နှာ အနီးကပ်ပေါ်လာရာ စောစောက ဦးလေးကြီးထပ်ပြောလိုက်သည့် စကားကြောင့် ပရိသတ်များမှာ တဝါးဝါးတဟားဟား ဦးလေးကြီးထပ်ပြောလိုက်သည်က "ဟေ့ကောင် ရွှေဘ၊ ကံကောင်းလို့နော်၊ ငါမကယ်ရင် မင်းသေတယ်" ဟူ၍ ဦးလေးကြီးကား ရှေ့မှာထအော်မိ၍ အရှက်ပြေထပ်ပြောလေသလား၊ အတည်ပေါက်နှင့် နောက်လေသလားတော့ မသိ။ လှည်းဆိပ်ကျေးရွာအတွက်ကတော့ ပျော်စရာ 'ည' လေးတစ်ည။

(ဤဆောင်းပါးဖြစ်မြောက်ရေး အကူအညီပေးပါသော "ရွှေဘ"၏ဇနီး ဒေါ်သင်းသင်းလဲ့နှင့် "ဒေါ်ကြည်ကြည်ဌေး"၏သမီး ဒေါ်လှလှဝင်းတို့အား ကျေးဇူးတင်လျက်)

ပရိသတ်ငြိမ်အကျ "ရွှေဘ"မျက်နှာ အနီးကပ်ပေါ်လာရာ စောစောက ဦးလေးကြီးထပ်ပြောလိုက်သည့်စကားကြောင့် ပရိသတ်များ တဝါးဝါးတဟားဟား။ ဦးလေးကြီးထပ်ပြောလိုက်သည်က "ဟေ့ကောင် ရွှေဘ၊ ကံကောင်းလို့နော်၊ ငါမကယ်ရင် မင်းသေတယ်"ဟူ၍ ဦးလေးကြီးကား ရှေ့မှာထအော်မိ၍ အရှက်ပြေထပ်ပြောလေသလား၊ အတည်ပေါက်နှင့် နောက်လေသလားတော့မသိ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုဆင်ဆာအဖွဲ့တွင် အသုံးပြုရန်အတွက် ဗီဒီယိုဆင်ဆာလက်မှတ်အသေး (Sticker) (၁. ၅" ×၁. ၂")အရွယ်အစားဆင်ဆာလက်မှတ် (Sticker)ခုရေ ၁၈၀၀၀၀၀ (သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	တင်ဒါပုံစံထုတ်ယူရမည့်ရက်	- ၂၆-၈-၂၀၁၃ရက်မှ ၂၀-၉-၂၀၁၃ရက်ထိ ရုံးချိန်အတွင်းထုတ်ယူနိုင်ပါသည်။
(ခ)	တင်ဒါတင်သွင်းရန်နေရာ	- မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
(ဂ)	တင်ဒါတင်သွင်းရမည့်ရက်	- ၂၃-၉-၂၀၁၃ရက် နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ အတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဖုန်းနံပါတ် ၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေး ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၁၉-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၂-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စိတ်ကျန်းမာရေးဆေးရုံကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး
ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် ကုသပေးရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၀-၈-၂၀၁၃ရက်၊ နံနက်၁၀နာရီ
တင်ဒါပိတ်ရက် - ၁၉-၉-၂၀၁၃ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

MSS ရည်မှန်းချက် ကြီးမားသူတို့၏ အောင်မြေ
ဒေါ်တင်မိုးဝေ
World Gold Medallist
L.C.C.I Level I & II, III နှင့် MYOB
တရင်းကိုင်နှင့်ကွန်ပျူတာစာရင်းကိုင်သင်တန်းများ
တနင်္ဂနွေ တစ်ရက်တက်၊ (စနေ၊ တနင်္ဂနွေ) တန်းခွဲ
ရဝမ်၊ ကျော်သူ(၁၇)လမ်း၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
PH - 09 50 88 264 , 09 541 0909

FASTER & EASIER
ALL TENDERS IN MYANMAR ON
www.myanmar-opportunities.org

ဂတန်း၊ ၁၀တန်းအောင်ပြီး ၁၈နှစ်ပြည့် မှတ်ပုံတင်ကိုင်ဆောင်ထားသူများအတွက်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအသိအမှတ်ပြုသင်တန်း
အောင်သရဖူ
Maritime Training Centre
☆ BST (4 Tickets)
☆ Pre-sea (Deck & Engine)
Ticket လက်မှတ် Free Service ☎: 212357,09-5070163
အမှတ် (၁၀၅)၊ ပထမထပ်၊ လမ်းမတော်လမ်း (ကမ္ဘောဇဘဏ်ရှေ့)၊ လမ်းမတော်မြို့နယ်၊

ယမင်းသူ
မြို့တွင်း၊မြို့ပြင်၊လချုပ်ငှားရန်
ကားမျိုးစုံနှင့် အိမ်၊ခြံ၊မြေ
ရောင်း၊ဝယ်၊ငှားရန် ရှိသည်။
ယာဉ်/အိမ်ပိုင်ရှင်များလည်းဆက်သွယ်ပါ
709255,0951 36421

အိန္ဒြေမရ ကုတ်ရတာ
ယားနာရောဂါ ပါ
ယားနာမျိုးစုံ ပျောက်ကင်းဖို့
စွမ်းလီမ်းဆေး ကိုလိမ်းကြစို့။

တရုတ်
စကားပြောရုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

မိုနဲဒါဖက်ရှင်
- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ။
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
Shirt အကျႌ - 2900 ကျပ်
Sport Shirt - 2950 ကျပ်
Style Pants - 2950 ကျပ်
ဦးထုပ် - 950 ကျပ်(မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၂၉၊ ၁၂၄လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
- Ph:01-292129,09-73216251
E-mail kyonedoe@gmail.com

MICO
ကမ္ဘာ့တည်သရွေ့
အလှူမင်္ဂလာ၊ကြော်ငြာ၊လက်ဆောင်...ဘယ်မှာသုံးသုံးအကောင်းဆုံး
T-SHIRT = 650 Ks
လွယ်ကူချောမွေ့စေရန်အတွက်တံဆိပ်ရိုက်နှိပ်နှင့်ကွန်ပျူတာပန်းထိုးဝန်ဆောင်မှု
01-430916,09-5141086,09-33337126

ပြည်တွင်းရေးရာ

သံပရာရည်ကို ဘာကြောင့် နံနက်တိုင်း သောက်သင့်တာလဲ

အဖြေကတော့ သံပရာသီးထဲမှာ လူသားတို့ ကျန်းမာရေးကို ကောင်းကျိုးပြုတဲ့ အာနိသင်တွေ များပြားလို့ပါပဲ။

သံပရာသီးထဲမှာ ကိုယ်တွင်းကိုယ်ပ ဗက်တီးရီးယားပိုးမွှားတွေကို သုတ်သင်နှိမ်နင်းပေးနိုင်တဲ့ antibacterial၊ ပြင်ပကူးစက်ဗိုင်းရပ်စ်ပိုးတွေကို တားဆီးကာကွယ်ပေးတဲ့ antiviral၊ ကိုယ်ခံစွမ်းအားတွေ တိုးတက်ကောင်းမွန်စေဖို့ ဗီတာမင်နဲ့ သတ္တုဓာတ်များဖြစ်ကြတဲ့ ဆစ်ထရစ်အက်စစ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင်စီတို့ လုံလောက်စွာပါရှိတာကြောင့် နံနက်စာစားပြီးတိုင်း သံပရာရည် တစ်ခွက်ပုံမှန်သောက်ပေးသင့်တယ်လို့ Daily Health Tips (ခေါ်) အင်တာနက်ကျန်းမာရေးသတင်းလွှာမှာ ဩဂုတ် ၁၀ ရက်နေ့တွင် ဖော်ပြခဲ့ပါတယ်။

(၁) အစာကြေခြင်း

သံပရာရည်က ခန္ဓာကိုယ်တွင်း အစာခြေအင်္ဂါ အဖွဲ့အစည်းထဲမှ အဆိပ်အတောက်များကို နှင်ထုတ်ပေးနိုင်ပါတယ်။ ဒါ့အပြင် အစာမကြေလေပွခြင်းကိုလည်း သက်သာလာစေပါတယ်။ အူသိမ်အူမများကို ကောင်းစွာအလုပ်လုပ်စေနိုင်လို့ အူကင်ဆာဝေဒနာသည်များကို သံပရာရည်သောက်ရန် ဆရာဝန်များက အကြံပေးလေ့ရှိပါတယ်။

(၂) ကိုယ်တွင်းသန့်စေခြင်း

သံပရာသီးထဲရှိ ဆစ်ထရစ်အက်စစ်များက အင်ဇိုင်းအဖြစ် အထောက်အပံ့ဖြစ်စေပါတယ်။ နံနက်ပိုင်း သံပရာရည် သောက်ခြင်းအားဖြင့် တစ်ညတာအောင်းထားသော ယူရစ်အက်စစ်များကို ဆီးအဖြစ်ကုန်စင်အောင်စွန့်ထုတ်ပေးနိုင်ပါတယ်။

(၃) ကိုယ်ခံစွမ်းအားတိုးတက်ကောင်းမွန်စေခြင်း

ဗီတာမင်စီနဲ့ ပိုတက်စီယမ်တို့ မြင့်မားစွာပါရှိကြလို့ ဦးနှောက်နဲ့ အာရုံကြောအဖွဲ့အစည်းများကို လှုံ့ဆော်ပေးပါတယ်။ သွေးတိုးကျခြင်း၊ ရာသီဥတုပူပြင်း၍ ရေဓာတ်ဆုံးရှုံးမောပန်းမှုဒဏ်ကို ပြေပျောက်ခြင်း၊ ပန်းနာရင်ကျပ်နဲ့ အသက်ရှုလမ်းကြောင်း ပိတ်ဆို့မှုပြဿနာများကို ကောင်းကျိုးပြုပေးပါတယ်။ သံပရာရည်တစ်ခွက်ကို နံနက်တိုင်း ပုံမှန်သောက်သုံးပေးခြင်းဖြင့် အရိုးအဆစ်မျက်များတွင် ယူရစ်အက်စစ် အနည်ကျခြင်းကို ကာကွယ်ပေးလို့ အဆစ်အမျက်ရောင်ရမ်းဝေဒနာသည်များ၊ လေးဘက်နာရောဂါသည်များ၊ ဂေါက်ဝေဒနာသည်များ မဖြစ်မနေ သောက်သုံးသင့်ပါတယ်။ အရိုးနဲ့ အရိုးဆက်တစ်သျှူးများ ကြံ့ခိုင်ကျန်းမာစေရန်အတွက်လည်း သံပရာရည်က မရှိမဖြစ်ပါပဲ။ ဒါ့အပြင် သံပရာသီးမှာပါရှိတဲ့ antimicrobial အစွမ်းက ရာသီကူးစက်ဖျားများဖြစ်ကြသော အအေးမိ၊ တုပ်ကွေးရောဂါတို့ကို တိုက်ထုတ်ပေးနိုင်ပါတယ်။

(၄) အရေပြားသန့်စေခြင်း

ကျန်းမာသော အသားအရေဖြစ်စေဖို့ ဗီတာမင်စီက အလိုအပ်ဆုံးအရာပါ။ သံပရာသီးထဲရှိ ဗီတာမင်စီများက ဓာတ်တိုးဆန့်ကျင် ပစ္စည်းအဖြစ် စွမ်းဆောင်နိုင်၍ အသားအရေ တွဲကျခြင်း၊ အရေပြားညစ်ကာ မစိုမပြည်ဖြစ်ခြင်း၊ အသားအရေ နေလောင်ခြင်းတို့ကို လျော့ပါးသက်သာစေပါတယ်။ ဒါ့အပြင် သံပရာသီးထဲရှိ သဘာဝအယ်လ်ကာလီအစွမ်းက ဝက်ခြံဖြစ်စေတဲ့ ဗက်တီးရီးယားတို့ကို သေစေပါတယ်။ အမာရွတ်နဲ့ မျက်နှာပေါ်ရှိ အမည်းစက်များ လျော့ပါးသက်သာလာစေဖို့ သံပရာရည်ဖြင့် ယုံကြည်စိတ်ချစွာ လိမ်းပေးပါ။

(၅) စိတ်ခံစားမှုကောင်းမွန်စေခြင်း

အစားအစာထဲရှိ မော်လီကျူးနဲ့ အက်တမ်များက လူသားတွေရဲ့ စိတ်ကို ခွန်အားဖြစ်စေပါတယ်။ သံပရာသီးက စိတ်ခံစားမှု ကောင်းမွန်အောင် အထောက်အပံ့ပေးနိုင်တာကို စိုးစဉ်းမျှ ယုံမှားသံသယဖြစ်ဖွယ် မရှိပါ။ သံပရာရနံ့က လူကို လန်းဆန်းတက်ကြွစေသလို သံပရာရည် သောက်ခြင်းဖြင့် စိတ်ဓာတ်ကျခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်းတို့ကို လျော့ကျသွားစေပါတယ်။

(၆) ခံတွင်းကောင်းစေခြင်း

နာတာရှည် နေမကောင်းဖြစ်သူများ၊ ခွဲစိတ်ကုသခံရသောလူနာများ၊ သံပရာရည်သောက်ခြင်းဖြင့် နာလန်ထ ခံတွင်းလိုက်လာကာ နှုတ်မြိန်စေပါတယ်။ သံပရာရည်က သွားနဲ့သွားဖုံးများ ရောင်ကိုင်းနာကျင်ခြင်းမှ သက်သာစေပြီး ခံတွင်းရနံ့ကိုလည်း ရှင်းသန့်ကောင်းမွန်လာပါစေတယ်။ သို့သော် သံပရာရည်သောက်ပြီး (ချက်ချင်း)သွားမတိုက်ပါနဲ့။ သွားရဲ့ အပေါ်ယံကြွေသွားလွှာများ ပျက်စီးစေတတ်လို့၊ အနည်းဆုံး နာရီဝက်ကျော်ကြာမှ သွားတိုက်ပါ။

(၇) ကိုယ်အလေးချိန်ကျစေခြင်း

ဆေးသုတေသီတွေရဲ့ ဓာတ်ခွဲစမ်းသပ်ချက်များအရ၊ သံပရာသီးထဲမှာ ပါရှိတဲ့ Pectin အမျှင်ဓာတ်က အစားအစာတွေမကြာခဏ စားလိုတဲ့စိတ်ကို ချိုးနှိမ်ပေးပါတယ်တဲ့။ ဒါ့ပြင် alkaline ဓာတ်ပါရှိလို့ ကိုယ်အလေးချိန် မြန်မြန်ကျစေပါတယ်။ အထူးသဖြင့် နံနက်အိပ်ရာထမှာ သံပရာသီးခွံကို ပျော့သွားအောင်လှိမ့်ပြီး ဓားနဲ့ထက်ခြမ်းခြမ်းကာ ရေနွေးဖြူပူပူတစ်ခွက်ထဲ သံပရာခွံမန္တာအရည်မညှစ်ဘဲ အလုံးလိုက် စိမ်သောက်ပေးခြင်းဖြင့် တစ်လအကြာမှာ သိသိသာသာ ကိုယ်အလေးချိန်ကျခြင်း၊ ခန္ဓာကိုယ်ထဲရှိ အဆီပိုများကျခြင်း၊ သွေးတိုးကျခြင်း စသည့် ကောင်းကျိုးတွေ ခံစားရစေပါတယ်။

(၈) အထွေထွေရောဂါများ

သလိပ်ခြောက်ချွဲကပ်ခြင်းအတွက် ပျားရည်နဲ့ သံပရာရည်ဆတူရော၍ သောက်ပါ။ လည်ချောင်းနာခြင်းအတွက် ရေနွေးပူထဲ သံပရာရည်နဲ့ ပျားရည် ဆတူရောထည့်၍ သောက်ပါ။ ဝမ်းဖောဝမ်းရောင်ခြင်းအတွက် သံပရာရည် လေးပဲ၊ ဆားနှစ်ပဲ၊ ထန်းလျက်တစ်ကျပ်သား၊ ရေငါးကျပ်သား ရောစပ်သောက်ပါ။ နှာခေါင်းသွေးယိုခြင်းအတွက် သံပရာသီး လတ်လတ်ဆတ်ဆတ်အရည်ကို နှာခေါင်းထဲညှစ်ထည့်ပါ(သို့မဟုတ်) သံပရာရည်ကို ဂွမ်းမှုန့်နဲ့ရော၍ နှာတံပေါ် လိမ်းပေးပါ။ သံပရာစေ့ကို ရေနဲ့ကြိတ်ပြီး နေ့စဉ်လိမ်းပေးခြင်းဖြင့် ဆံပင်များ ပြန်ပေါက်လာစေပါတယ်။ ခေါင်းတစ်ခြမ်းကိုက်ခြင်းအတွက် သံပရာစေ့ကိုကြိတ်၍ နားသယ် လိမ်းပေးပါ။

ပေါက်ပေါက်

မေတ္တာရှင် ပရဟိတလူမှုကူညီရေးအသင်း ရုံးခန်းဖွင့်

ပခုက္ကူ ဩဂုတ် ၂၀

ပွင့်လင်းလာသော ယနေ့ခေတ်တွင် ပခုက္ကူမြို့၌ ပရဟိတလူမှုကူညီရေးအသင်းများဖွဲ့စည်း၍ မြို့ပြ ကျေးလက်နေပြည်သူများကို ပူဆွေးသောကဒုက္ခဗျာပါဒမရှိအောင် ကူညီစောင့်ရှောက်ခြင်းဖြင့် လောကကို အလှဆင်နေကြကြောင်း သိရသည်။ "ကျွန်တော်တို့မြို့မှာ တစ်ရပ်ကွက်ကို တစ်ဖွဲ့နှုန်းနဲ့ အနည်းဆုံး ဖွဲ့စည်းတည်ထောင်ပြီး သာမှုနာမှုပရဟိတလုပ်ငန်းတွေကို လုပ်ဆောင်နေကြပါတယ်" ဟု မြို့ခံတစ်ဦးက ပြောသည်။

